ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ စနေနေ့။ Saturday, 28 May 2022 ၁၀၇၄၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက လိုဏ်ဂူတော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

# မဟာပါသာဏလိုဏ်ဂူသည် သမိုင်းဝင်သာသနာ့အဆောက်အဦဖြစ်သဖြင့် လိုဏ်ဂူတော် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျပြင်ဆင်ထိန်းသိမ်းရန်လို

နေပြည်တော် မေ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ညွှန်ကြားရေးမှူး ဦးကိုကိုအေးနှင့် ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်ကျော်တို့က လိုဏ်ဂူတော်ကြီး စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

**ယနေ့ ဖတ်စရာ**

### အသားစာတ်များပေါ်တွင် အခြေခံပြီးထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဂျပန်နိုင်ငံ၌ စတင်ထိုးနှံ

စာမျက်နှာ » ၁၃




### စစ်မီးငြိမ်းချိန် တန်ပါပြီ

ဆောင်းပါး စာမျက်နှာ » ၆

ဆင်ဖြူကျွန်းအောင်သိန်း၏ ဝတ္ထုတို

### နုသော

စာမျက်နှာ » ၁၉

### လေ့လာစရာ အင်္ဂလိပ်စာ

စာမျက်နှာ » ၂၀၊ ၂၃

### နေခြည်မှာရွှေရည်လောင်း ငါတို့စာသင်ကျောင်း

ဆောင်းပါး စာမျက်နှာ » ၁၇



ကြေးမုံ

# ပြန်လည်လည်ပတ်တော့မည့် မီးခိုးမထွက်စက်ရုံ

မီးခိုးမထွက်သည့်စက်ရုံဆိုသည်မှာ အကျိုးအမြတ်ဖြစ်ထွန်းသည့် ခရီးသွားလုပ်ငန်းကို တင်စားပြောဆိုကြခြင်းဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် အကျိုးအမြတ်များသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်၍ ကမ္ဘာပေါ်ရှိ နိုင်ငံအများသည် ခရီးသွားလုပ်ငန်းကို ဦးစားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်ကောင်းများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်၍ ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်အောင် ကြိုးပမ်းအားထုတ်နေကြသည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် သဘာဝအခြေခံကောင်းများစွာ ပိုင်ဆိုင်ထားသည်။ မြန်မာနိုင်ငံကိုလည်း ကမ္ဘာ့နိုင်ငံများမှ ခရီးသွားများက စိတ်ဝင်စားကြပြီး နှစ်စဉ် လာရောက်လည်ပတ်ကြသည်။ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း တိုးတက်ကောင်းမွန်လာသဖြင့် ၂၀၁၉ ခုနှစ်က တစ်နှစ်တာကာလအတွင်း တိုးတက်မှုနှင့်အလားအလာအရှိဆုံး နိုင်ငံစာရင်းကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကထုတ်ပြန်ရာ မြန်မာနိုင်ငံသည် တိုးတက်မှုရာခိုင်နှုန်း ၄၀ ကျော်ဖြင့် တိုးတက်သောနိုင်ငံများစာရင်းတွင် ပါဝင်လာခဲ့သည်။ မြန်မာနိုင်ငံ၏နောက်တွင် ပွာတိုရီကို၊ အီရန်၊ ဥဇဘက်ကစ္စတန်၊ မွန်တီနီဂရိုး၊ အီဂျစ်၊ ဗီယက်နမ် အစရှိသည့်နိုင်ငံများ အစဉ်လိုက်ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ရာသီဥတု၊ ကမ်းရိုးတန်းများ၊ ရေအောက်သန္တာကျောက်တန်းများ၊ ရေနေသတ္တဝါများ၊ လန်ပိကျွန်းကဲ့သို့သော သဘာဝဥယျာဉ်ကြီးများ၊ အနုပညာနှင့်အဆောက်အအုံများကိုလေ့လာနိုင်သည့် ရှေးဟောင်းယဉ်ကျေးမှု ပုဂံကဲ့သို့ ယူနက်စကို အသိအမှတ်ပြုနေရာဒေသများ၊ ကျေးလက်ဒေသခရီးစဉ်များ၊ ကချင်ပြည်နယ် ပူတာအိုဒေသရှိ ရေခဲတောင်ခရီးစဉ်များ၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးခရီးစဉ်များအပြင် မြန်မာနိုင်ငံ၏ မတူကွဲပြားသော ရိုးရာယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံများ၊ ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးဆိုင်ရာပွဲတော်အခမ်းအနားများနှင့် တောတောင်ရေမြေသဘာဝအလှအပများ စသည့်နိုင်ငံတကာခရီးသွားများအား ဆွဲဆောင်နိုင်သည့်နေရာများစွာ ရှိသည်။

မြန်မာနိုင်ငံသည် ခရီးသွားဧည့်သည်များ စိတ်ဝင်စားသည့် အခြေခံကောင်းများစွာ ပိုင်ဆိုင်ထားသော်လည်း နိုင်ငံ၏အခြေအနေအကြောင်းအမျိုးမျိုးကြောင့် အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများကြားတွင် ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်က စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများတွင် ခရီးသွားလုပ်ငန်းများ ရပ်တန့်ကျဆင်းသွားခဲ့သည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်က ခရီးသည်ဝင်ရောက်မှုမှာ ၄ ဒသမ ၃၆ သန်းနှင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈၁၈ ဒသမ ၇၅ သန်းရရှိခဲ့သည်။ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက် ခရီးသွားလုပ်ငန်းအားလုံးနီးပါး ရပ်တန့်သွားခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု သုည ဒသမ ၉၀ သန်းသာရှိတော့သည်။ ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၇၉ ရာခိုင်နှုန်း လျော့နည်းကျဆင်းသွားသည်။ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသည် သုည ဒသမ ၁၃ သန်းသာ ဝင်ရောက်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါသည် ခရီးသွားလုပ်ငန်း၏အသက်သွေးကြောကို ဖြတ်တောက်လိုက်သကဲ့သို့ဖြစ်ခဲ့ပြီး ကန့်သတ်ချက်များကြောင့် ခရီးသွားလာရေးဆိုင်ရာ အလုပ်အကိုင်များသာမက စီးပွားရေးနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဆိုးကျိုးများကိုဖြစ်စေခဲ့သည်။ ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်လာနိုင်သည်နှင့်အမျှ ခရီးသွားလုပ်ငန်းများကို ပြန်လည်စတင်ရန် ကြိုးပမ်းလာကြသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါသည် အခြားနိုင်ငံများထက် ပိုမိုသိသာစွာလျော့နည်းကျဆင်းလာခဲ့ရာ ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များအား တဖြည်းဖြည်း ပြန်လည်လျှော့ချပေးပြီးနောက် မြန်မာနှစ်ဆန်းတစ်ရက်နေ့မှစတင်၍ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များ စတင်ပြေးဆွဲခွင့်ပြုခဲ့သည်။

သို့ဖြစ်ရာ မကြာမီကာလများတွင် နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည်ပွင့်လန်းတော့မည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းများကို ယခင်နှစ်ကာလများကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ခရီးသွားများ စိတ်ဝင်စားမည့် နေရာဒေသများအား ခရီးသွားဝန်ဆောင်မှုများ၊ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအဆောက်အအုံ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်မှုများအား ဦးစားပေးဆောင်ရွက်ကြ၍ အကျိုးအမြတ်ဖြစ်ထွန်းမှု အားကောင်းသော ခရီးသွားလုပ်ငန်း မီးခိုးမထွက်သည့်စက်ရုံများ ပုံမှန်ပြန်လည်လည်ပတ်အားကောင်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
## ကြေညာချက်
## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ တက်ရောက်ဆဲ ပထမနှစ်သင်တန်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပထမနှစ်သင်တန်းနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းနှင့် မဟာဘွဲ့သင်တန်းများအားလုံးကို ၁၂-၅-၂၀၂၂ ရက်နေ့မှစ၍ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုဆက်လက်၍ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ စတုတ္ထနှစ်သင်တန်းကို ၂-၆-၂၀၂၂ ရက်နေ့မှစ၍ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ပုသိမ် မေ ၂၇**

ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အနန်းကုန်းကျေးရွာအုပ်စု အနန်းကုန်းကျေးရွာ၊ ကြက်တူရွေးကျေးရွာအုပ်စု ဝန်သေ+ဘုရားကုန်းကျေးရွာနှင့် ကွေကျေးရွာအုပ်စု အနန်းကုန်း+ ကျီးပင်ကုန်းကျေးရွာများအား စီမံကိန်းစက်ဝန်း စတုတ္ထအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးမှုအား ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးနိုင်နှင့်ဝန်ထမ်းများက မေ ၂၅ ရက်တွင် ကိုဗစ် - ၁၉ လမ်းညွှန်ချက်များနှင့် အညီ ချေးငွေများ ထုတ်ချေးပေးခဲ့သည်။



အနန်းကုန်းကျေးရွာအုပ်စု အနန်းကုန်းကျေးရွာတွင် အသင်းသားဦးရေ ၉၁ ဦး၊ ချေးငွေကျပ် ၃၂၃ သိန်း၊ ကြက်တူရွေးကျေးရွာအုပ်စု ဝန်သေ+ဘုရားကုန်းကျေးရွာတွင် အသင်းသားဦးရေ ၉၀၊ ချေးငွေကျပ် သိန်း ၃၅၀ နှင့် ကွေကျေးရွာအုပ်စု အနန်းကုန်း+ ကျီးပင်ကုန်းကျေးရွာတွင် အသင်းသားဦးရေ ၁၄၅ ဦး၊ ချေးငွေကျပ် ၃၅၉ သိန်း စုစုပေါင်း မြစိမ်းရောင်ယူနစ် သုံးယူနစ် ကျေးရွာငါးရွာရှိ စုစုပေါင်း အသင်းသားဦးရေ ၃၂၆ ဦး၊ ချေးငွေကျပ် စုစုပေါင်း ၁၀၃၂ သိန်းအား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၃၃ | ၂၅၀,၆၀၀ |
| MTSH | ၂,၆၅၀ | ၂,၇၀၀ | ၆၂၅ | ၁,၆၇၉,၀၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၄၂ | ၇၃၅,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၁ | ၂,၅၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂၀ | ၁၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၈၄.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၅.၅၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၁၅၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၂.၄၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၂၅ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၂၁.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၅၀.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၅၅.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၇၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ အပေါ်ဆုံးထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

❂ ရွှေဖုံးမှ

အကြီးစားပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ကမ္ဘာအေး ဟံသာသီရိကုန်းမြေရှိ သာသနိကအဆောက်အဦ ကျောင်းဆောင် ခြောက်ဆောင် အဆင့်မြှင့်တင်မွမ်းမံခြင်း၊ မြေပြုပြင်ခြင်း၊ နေရာရှုခင်းဆောင်ရွက်ခြင်းနှင့် လမ်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**မှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာပါသာဏလိုဏ်ဂူသည် သမိုင်းဝင်သာသနာ့အဆောက်အဦဖြစ်သဖြင့် လိုဏ်ဂူတော်ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျပြင်ဆင်ထိန်းသိမ်းရန်လိုအပ်ပြီး ရေအသုံးချနိုင်မှုနှင့် မီးစနစ်များစနစ်တကျရှိရန်လိုကြောင်း၊ ယခုပြီးစီးမှု အခြေအနေများကိုလည်း မိုးကာလအတွင်းကြည့်ရှု၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ ဟံသာသီရိကုန်းမြေရှိ သာသနိကအဆောက်အဦကျောင်းဆောင်များ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ရေရှည်တည်တံ့စေရေး စနစ်တကျဆောင်ရွက်ရန်နှင့် ဆရာတော်ကြီးများ စိတ်အေးချမ်းသာစွာဖြင့် သီတင်းသုံးနိုင်ရန် လိုကြောင်း၊ အဆောက်အဦများ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးချိန်မှသာလျှင် လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်လိုပြီး ရေစီးရေလာကောင်းမွန်ရန်နှင့် လမ်းပခုံးများကို စနစ်တကျဆောင်ရွက်ထားရှိမှသာ လမ်း၏ကြံ့ခိုင်မှုကို ရေရှည်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လိုဏ်ဂူတော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြား၍ လိုဏ်ဂူတော်ကြီး၏ အပေါ်ဆုံးထပ်ရှိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ သာသနိကအဆောက်အဦများ၊ ဟံသာသီရိကုန်းတော်ရှိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများလာရောက်စဉ် ခေတ္တသီတင်းသုံးသည့် အဆောင်များနှင့် လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေပေါ်တွင် တည်ရှိပြီး ၁၉၅၃ ခုနှစ်တွင် ပန္နက်တော်တင် အုတ်မြစ်တော်စီခဲ့ကြောင်း၊ ဆောက်လုပ်ရေးအရာရှိနှင့် လုပ်သားပေါင်း ၁၄၈၆ ဦးနှင့် လုပ်အားပေး ကုသိုလ်ရှင်ပေါင်း ၃၃ သိန်းကျော်တို့ဖြင့် ဆောက်လုပ်ခဲ့ရာ ရက်ပေါင်း ၃၉၆ ရက် ကြာမြင့်ခဲ့ပြီး ၁၉၅၄ ခုနှစ် မေ ၁၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ လိုဏ်ဂူတော်ကြီးအတွင်း သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံမှ သံဃာတော် အပါး ၂၅၀၀ ဖြင့် ၁၉၅၄ ခုနှစ် မေ ၁၇ ရက်မှ ၁၉၅၆ ခုနှစ် မေ ၂၂ ရက်အထိ ၂ နှစ်နှင့် ၅ ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အခြားသော ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သည့် အခမ်းအနားကြီးများကိုလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ယခုအခါ လိုဏ်ဂူတော်ကြီး၏ သက်တမ်းမှာ ၆၈ နှစ် ရှိပြီဖြစ်ပြီး ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာသဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၈ ရက်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် အကြီးစားပြင်ဆင်မွမ်းမံခြင်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရှိရသဖြင့် အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

- ❖ **မဟာပါသာဏလိုဏ်ဂူသည် သမိုင်းဝင် သာသနာ့အဆောက်အဦ ဖြစ်သဖြင့် လိုဏ်ဂူတော် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ ပြင်ဆင်ထိန်းသိမ်းရန်လိုအပ်ပြီး ရေအသုံးချနိုင်မှုနှင့် မီးစနစ်များ စနစ်တကျ ရှိရန်လို**
- ❖ **ယခုပြီးစီးမှု အခြေအနေများကိုလည်း မိုးကာလအတွင်းကြည့်ရှု၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ရန်လို**
- ❖ **ဟံသာသီရိကုန်းမြေရှိ သာသနိက အဆောက်အဦ ကျောင်းဆောင်များ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့စေရေး စနစ်တကျဆောင်ရွက်ရန်နှင့် ဆရာတော်ကြီးများ စိတ်အေးချမ်းသာစွာဖြင့် သီတင်းသုံးနိုင်ရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ရှင်းလင်းတင်ပြစဉ်။

## မီးရထားစက်ခေါင်းများနှင့် ရထားတွဲများကောင်းမွန်ရန်လိုသကဲ့သို့ ရထားလမ်းများ စနစ်တကျဖြင့် ကောင်းမွန်ချောမွေ့မှုရှိစေရေးကိုလည်း အမြဲမပြတ်ဆောင်ရွက်နေရန်လို

# တစ်နိုင်ငံလုံး လျှပ်စစ်စက်ခေါင်းများဖြင့် ပြေးဆွဲနိုင်ရေး အဓိကထားရည်မှန်းဆောင်ရွက်ရမည်

နေပြည်တော် မေ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)သို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့်တို့က စက်ခေါင်းစက်ရုံ(အင်းစိန်) သမိုင်းအကျဉ်း၊ ရည်မှန်းချက်တာဝန်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေ၊ မီးရထားစက်ခေါင်းများ ထုတ်လုပ်တပ်ဆင်နိုင်မှု၊ ပြုပြင်ထိန်းသိမ်းနိုင်မှု၊ စက်ခေါင်းစွမ်းအားမြှင့်တင်မှု၊ စက်ခေါင်းအရန်ပစ္စည်းများ ထုတ်လုပ်နိုင်မှုအခြေအနေ၊ ရေနွေးငွေ့စက်ခေါင်းများ အကြီးတန်းပြုပြင်ပြီးစီးမှုနှင့် စမ်းသပ်မောင်းနှင်ပြေးဆွဲနိုင်မှု အခြေအနေ၊ စက်ရုံဝန်ထမ်းများ အရည်အသွေးပြည့်ဝစေရေးအတွက် သင်တန်းများတက်ရောက်စေမှု၊ စက်ရုံအလုပ်ရုံခွဲများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

### အဓိကကျသည့် ပို့ဆောင်ရေးစနစ်တစ်ခု

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားပို့ဆောင်ရေးစနစ်သည် တိုင်းပြည်တစ်ခု၏ အဓိကကျသည့် ပို့ဆောင်ရေးစနစ်တစ်ခုပင်ဖြစ်ကြောင်း၊ စက်ခေါင်းများပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုပြင်ခြင်းလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်မှုကို မှတ်တမ်းဓာတ်ပုံများဖြင့် စနစ်တကျ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ စက်ခေါင်းများဝယ်ယူချိန်မှစ၍ အသုံးပြုမှုနှင့် ပြုပြင်ထိန်းသိမ်းမှုများကို စက်ခေါင်းတစ်ခုချင်းအလိုက် သမိုင်းမှတ်တမ်းများ ပြည့်စုံစွာဖြင့် ပြုစုထားရှိရန်လိုကြောင်း၊ စက်ခေါင်းများသည် တန်ဖိုးအားဖြင့် များစွာကြီးမားသည့် ပစ္စည်းများဖြစ်သဖြင့် ပြုပြင်ထိန်းသိမ်းခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်စေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ယခုအခါ ခေတ်ကာလအရ နိုင်ငံတကာတွင် မီးရထားများကို လျှပ်စစ်ဓာတ်အားအသုံးပြု၍ ပြေးဆွဲနေကြသဖြင့် မိမိတို့နိုင်ငံတွင်လည်း လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး လိုအပ်သည့်လျှပ်စစ်ဓာတ်အားသုံး စက်ခေါင်းများ ထုတ်လုပ်နိုင်ရေး နိုင်ငံတကာမှနည်းပညာများကိုလေ့လာ၍ ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့်ပစ္စည်းများနှင့် ပြည်ပမှဝယ်ယူရမည့်ပစ္စည်းများကို ပေါင်းစပ်၍ ပထမခြေလှမ်းအနေဖြင့် ဒီဇယ်လျှပ်စစ်သုံး(DEMU) စက်ခေါင်းများ တည်ဆောက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဒီဇယ်လျှပ်စစ်ရထားစက်ခေါင်းများမှတစ်ဆင့် လျှပ်စစ်ရထား(EMU)အထိ ပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုကြောင်း၊ ယခုရန်ကုန်မြို့ပတ်ရထားလမ်းတွင် ဒီဇယ်လျှပ်စစ်သုံးရထားများအသုံးပြု၍ မြို့ပတ်ရထားများပြေးဆွဲနေပြီး မိမိတို့နိုင်ငံတွင် လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးရှိ အဓိကကျသည့်နေရာများကို လျှပ်စစ်ရထား အသုံးပြုပြေးဆွဲနိုင်ရေး အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထားစက်ခေါင်းများနှင့် ရထားတွဲများကောင်းမွန်ရန် လိုသကဲ့သို့ ရထားလမ်းများ စနစ်တကျဖြင့် ကောင်းမွန်ချောမွေ့မှုရှိစေရေးကိုလည်း အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ တစ်နိုင်ငံလုံးလျှပ်စစ်စက်ခေါင်းများဖြင့် ပြေးဆွဲနိုင်ရေး အဓိကထားရည်မှန်းဆောင်ရွက်ရမည်ဖြစ်သဖြင့် မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)အနေဖြင့် လျှပ်စစ်စက်ခေါင်းငယ်များမှစ၍ သုတေသနပြုထုတ်လုပ်ပြီး ယင်းမှတစ်ဆင့် အဆင့်မြှင့်တင်ခြင်းနှင့် လျှပ်စစ်စက်ခေါင်းကြီးများ ထုတ်လုပ်ခြင်းလုပ်ငန်းများကို အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

စာမျက်နှာ ၅ သို့ ✻

- ရန်ကုန်မြို့ပတ်ရထားလမ်းတွင် ဒီဇယ်လျှပ်စစ်သုံးရထားများ အသုံးပြု၍ မြို့ပတ်ရထားများ ပြေးဆွဲနေပြီး မိမိတို့နိုင်ငံတွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး သုတေသနပြုဆောင်ရွက်
- ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးရှိ အဓိကကျသည့်နေရာများကို လျှပ်စစ်ရထားအသုံးပြု ပြေးဆွဲနိုင်ရေး အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားရန်လို

# ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်းသည် အသားငါးနှင့်ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ဖူလုံပေါများစွာစားသုံးနိုင်စေရေး အထောက်အကူပြုစေရန်ရည်ရွယ်

နေပြည်တော် မေ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ အင်းစိန်မြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ် (၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ၊ မှိုနှင့် ကြက်ဥများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ၊ မှိုနှင့် ကြက်ဥများကို ကြည့်ရှုစစ်ဆေးစဉ်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးခြံများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥနှင့် နွားနို့များကို အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ဘက်စုံစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ခုနစ်သန်းကျော် ရှစ်သန်းခန့်အား အသားငါးနှင့်ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ဖူလုံပေါများစွာ စားသုံးနိုင်စေရေး အထောက်အကူပြုစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများအား ပြင်ပပေါက်ဈေးထက် သက်သာစွာရောင်းချပေးနိုင်ရမည်ဖြစ်ပြီး ပြည်သူများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဆိုပါက အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ အမြတ်ကို အဓိကမထားဘဲ သက်သာချောင်ချိရေးကို ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးဆောင်ရွက်ရာတွင် မွေးမြူရေးသုတေသနအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေး၍ ကျန်းမာရေးနှင့်ညီညွတ်သည့် ထုတ်ကုန်များရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်း နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုတို့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အကျိုးပြုနိုင်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ်များနည်းပါးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေး အခြေခံစားကုန်များ ဈေးသက်သာစွာဖြင့် ရရှိနိုင်မည်ဖြစ်သဖြင့် တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ အောင်မြင်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဒေသတွင်းဖူလုံမှုရရှိပါက ပြင်ပဒေသများနှင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး အေးခဲအသားငါးများ၊ အသားခြောက်များနှင့် အဆင့်မြင့်ထုတ်ကုန်များထုတ်လုပ်၍ တင်ပို့ရောင်းချနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးမွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြို့ပတ်ဒီဇယ်စက်ခေါင်းရုံတွင် ဂျပန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းစိန်မီးရထားဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသည့် လူနာတစ်ဦးအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

✻ စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မီးရထားစက်ခေါင်းစက်ရုံအတွင်း မီးရထားစက်ခေါင်းများ ထုတ်လုပ်တပ်ဆင်နေမှု၊ ပြုပြင်ထိန်းသိမ်းနေမှု၊ စက်ခေါင်းစွမ်းအားမြှင့်တင်နေမှု၊ ရေနွေးငွေ့စက်ခေါင်းကို ကျောက်မီးသွေးသုံးစက်ခေါင်းအဖြစ် ပြုပြင်နေမှု၊ မီးရထားစက်ခေါင်းအရန်ပစ္စည်းများ ထုတ်လုပ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြို့ပတ်ဒီဇယ်စက်ခေါင်းရုံသို့ ရောက်ရှိပြီး ဂျပန်နိုင်ငံမှရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းစိန်မီးရထားဆေးရုံသို့ ရောက်ရှိရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့မီးရထားဆေးမှူးချုပ် ဒေါက်တာသန်းမင်းထွဋ်တို့က ဆေးရုံ၌ ဝန်ထမ်းများနှင့်မိသားစုဝင်များ၊ အငြိမ်းစားဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ဆေးရုံတွင်ကျန်းမာရေးဝန်ထမ်းများ လိုအပ်လျက်ရှိမှုနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လိုအပ်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များမေးမြန်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် လိုအပ်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် အထောက်အကူပြုပစ္စည်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

## စားသောက်ဖွယ်ရာများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စစ်မီးငြိမ်းချိန် တန်ပါပြီ

## အေးကြွယ်

၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့။

တော်လှန်ရေးကောင်စီက ငြိမ်းချမ်းရေး ဆွေးနွေးမှုတွေ ရပ်ဆိုင်းလိုက်တဲ့အချိန်။

ရဲဘော်ဌေးခေါင်းဆောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များ နဝင်းရေတိမ်ချောင်းလေးကိုဖြတ်ပြီး တောထဲကို ပြန်ဝင်သွားခဲ့ရပါတယ်။

၁၉၆၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှာ ပေါက်ခေါင်းမြို့အဝင် ကျပ်တုန်းဇရပ်မှာ ငြိမ်းချမ်းရေးဆွေးနွေးဖို့ လာရောက်ကြတဲ့ ရဲဘော်ဌေး၊ ရဲဘော်အောင်ကြီး၊ ဗိုလ်ဇေယျ၊ ဗိုလ်စိုးမောင်တို့ပါဝင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်တွေကို ခလရ(၂၃)မှ တပ်မတော်သားတွေနဲ့ ဒေသခံပြည်သူတွေက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ပါတယ်။ အဲဒီသတင်းကိုကြားရတဲ့ မြန်မာပြည်သူတွေရဲ့ရင်ထဲမှာ အင်မတန် ကြည်နူးဝမ်းမြောက်ခဲ့ကြရပါတယ်။

တကယ်တော့ ရဲဘော်ဌေးခေါင်းဆောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီက တော်လှန်ရေးကောင်စီနဲ့ ခုနစ်ကြိမ်တိုင်တိုင် ဆွေးနွေးခဲ့ပြီးမှ အဖြေမထွက်လို့ ကျောခိုင်းသွားခဲ့ရတာ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာ့သမိုင်းမှာ ရင်နင့်စရာသမိုင်းပုံရိပ်တွေထဲက ရဲဘော်ဌေးတို့ ငြိမ်းချမ်းရေးကို ကျောခိုင်းထွက်သွားတဲ့ ပုံရိပ်ကတော့ အင်မတန်စိတ်မကောင်းဖွယ်ရာ ပုံရိပ်တစ်ခုပါပဲ။ လောဘ၊ ဒေါသတွေ တင်းကျမ်းပြည့်နေတဲ့ကမ္ဘာကြီးမှာ စစ်ပွဲတွေကြောင့် ကျခဲ့ရတဲ့မျက်ရည်တွေ၊ ပျက်စီးခဲ့ရတဲ့ အသက်အိုးအိမ်စည်းစိမ်ပစ္စည်းတွေ၊ ဆုံးရှုံးခဲ့ရတဲ့ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတွေ၊ ကြုံတွေ့ခဲ့ရတဲ့ လူမှုဒုက္ခမျိုးစုံတွေဟာ ကျွန်တော်တို့ပြည်သူတွေအတွက် ပြောမပြနိုင်လောက်အောင် များပြားလွန်းပါတယ်။

စစ်ပွဲတွေကြား ကျွန်တော်တို့ ရုန်းကန်နေရတဲ့ ဘဝတွေကိုကြည့်ရင် လှေပေါက်ကြီးနဲ့ ခရီးသွားရသလို အလွန်အန္တရာယ်များလှပါတယ်။ ဘယ်အချိန် ရေနစ်လိမ့်မလဲ၊ ဘယ်နေရာ လှေမြုပ်လိမ့်မလဲဆိုတဲ့ စိုးရိမ်သောကတွေက ကျွန်တော်တို့ဘဝတွေကို ဖိစီးလွန်းလှပါတယ်။ ဒါကြောင့်လည်း ဒီနေ့အချိန်မှာ ငြိမ်းချမ်းရေးရရှိဖို့ထက် အရေးကြီးတဲ့လုပ်ငန်း မရှိဘူးလို့ နားလည်လက်ခံထားမိခဲ့ပါတယ်။

### စစ်နဲ့ငြိမ်းချမ်းရေး

စစ်နဲ့ငြိမ်းချမ်းရေးဆိုတဲ့ စကားလုံးကို ရုရှားစာရေးဆရာကြီး လီယိုတော်စတွိုင်း(၁၈၂၈–၁၉၁၀)က ကျွန်တော်တို့ ရင်ထဲရောက်အောင် လုပ်ပေးခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၄၀ ကျော်က “စစ်နဲ့ငြိမ်းချမ်းရေး” ဆိုတဲ့ ဂန္ထဝင်ဝတ္ထုရှည်ကြီးရေးပြီး ကမ္ဘာ့ပြည်သူတွေကို နား၊ မျက်စိ ဖွင့်ပေးခဲ့ပါတယ်။ ၁၉ ရာစုဦး ရုရှားနဲ့ ပြင်သစ်တို့ရဲ့ သမိုင်းနောက်ခံပုံရိပ်တွေ၊ ဇာဘုရင်နဲ့ နပိုလီယံတို့ရဲ့အကြောင်းတွေ၊ စိန့်ပီတာစဘတ်၊ ရောမ၊ အင်္ဂလန်၊ ဩစတြီးယားတို့ရဲ့ အကြောင်းတွေ၊ စစ်ပွဲတွေရဲ့အကြောင်း၊ စစ်မြေပြင်စစ်သံ့ပန်းတွေရဲ့ အကြောင်းတွေကို ကျွန်တော်တို့နဲ့ ရင်းနှီးကျွမ်းဝင်အောင် ပြောပြပေးခဲ့ပါတယ်။ အဲဒီဝတ္ထုကြီးကြောင့်ပဲ စစ်ကိုရွံမုန်းပြီး ငြိမ်းချမ်းရေးကို ချစ်တတ်လာတယ်လို့ ပြောရမှာပါပဲ။

ငြိမ်းချမ်းရေးလို့ဆိုလိုက်တာနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းနဲ့ အငြင်းပွားမှုတွေကို အကြမ်းမဖက်ဘဲ ငြိမ်းချမ်းတဲ့နည်းနဲ့ ညှိနှိုင်းဖြေရှင်းခြင်းလို့ အလိုလို နားလည်လက်ခံထားမိပါတယ်။

### သက်ဆိုးရှည်ဆုံး ပြည်တွင်းစစ်

“အမုန်းပင်မျိုး
သည်အမျိုးလျှင်၊ အချစ်ပင်မပေါက်
မုန်းညှောက်ညွန့်ကြ၊ သူ့ဘဝ၏
ဓမ္မတရား၊ သင်ကြားခဲ့သည်
သင်ဘယ်သစ်ပင်စိုက်မည်နည်း။”

*( ဒဂုန်တာရာ၊ ၁၉၈၁ အောက်တိုဘာ၊ ရှုမဝမဂ္ဂဇင်း)*

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးလမ်းကြောင်းဟာ လှိုင်းလေထန်ခဲ့တယ်လို့ အချို့က ဆိုကြပါတယ်။ အချို့ကတော့ နာတာရှည်ခရီးကြမ်းကြီးပါဟု ဆိုပါတယ်။ ၁၉၄၈ ခုနှစ်နောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းဟာ အကောင်း၊ အဆိုးတို့ ရောပြွမ်းရှုပ်ထွေးနေခဲ့တာကတော့ အမှန်ပါပဲ။ အရှေ့တောင်အာရှမှာ ပြည်တွင်းစစ်သက်ဆိုးအရှည်ဆုံးနိုင်ငံလို့တောင် ပြောစမှတ်ပြုခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးကတည်းက ပေါ်ပေါက်ခဲ့တဲ့ လက်နက်ကိုင်လမ်းစဉ်နဲ့ ပြည်တွင်းစစ်မီးတွေကို ဒီနေ့အချိန်အထိ အပြီးသတ် မငြိမ်းသတ်နိုင်သေးတာကလည်း အဖြေမရှိတဲ့ ပုစ္ဆာတစ်ပုဒ်လို ဒါမှမဟုတ် နာတာရှည်ရောဂါဆိုးကြီးတစ်ခုလို ဖြစ်နေခဲ့ပါတယ်။

လွတ်လပ်ရေးရပြီး နှစ်လအကြာမှာ ဗကပတို့ တောခိုခဲ့ပြီး ပြည်တွင်းစစ်ကို ကြီးစိုးခဲ့ပါတယ်။ အဲဒီအချိန်ကတည်းကစပြီး တိုင်းပြည်လည်း စစ်မီးတွေနဲ့ ဘေးကျပ်နံကျပ် ဖြစ်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး တစ်နှစ်တာကာလ ပြည်တွင်းစစ်ကြောင့် ပျက်စီးဆုံးရှုံးမှုတွေဟာ အံ့မခန်းလောက်အောင်ပါပဲ။ အဲဒီပျက်စီးမှုတွေနဲ့ပတ်သက်ပြီး ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ပြည်ထောင်စုသစ္စာတော်ခံ လူထုအစည်းအဝေးမှာ ဝန်ကြီးချုပ် ဦးနုက –

- “အဆောက်အအုံ၊ တံတား၊ မီးရထားအစရှိတဲ့ ပြည်သူလူထုပိုင်ပစ္စည်းတွေ အဖျက်အဆီးခံရတဲ့အတွက် သိန်း (၃၆၀) ဖိုးလောက် ပျက်စီးသွားပြီ။
- ငွေတိုက်အဖောက်ခံရတဲ့ ပြည်သူလူထုငွေတွေ သိန်း ၁၂၅ သိန်းကျော်လောက် ပျောက်သွားပြီ။
- အဓမ္မမှုတွေကြောင့် အခွန်တော်ငွေနဲ့ ပြည်ထောင်စုရဲ့ နိုင်ငံတော်ဝင်ငွေ သိန်းပေါင်း (၂၀၀၀)ကျော် ဆုံးရှုံးပျက်စီးသွားပြီ။
- အဓမ္မမှုတွေကို နှိမ်နင်းဖို့ အရန်ရဲတပ်၊ စစ်ရဲတပ်၊ စစ်ဝန်ထမ်းတွေ ထပ်ပြီး ဖွဲ့စည်းခဲ့ရတဲ့အတွက် မူလကုန်ကျပြီးဖြစ်တဲ့ ကာကွယ်ရေးစရိတ်အပြင် တစ်နှစ်ကို သိန်း(၃၀၀) ကျော် ထပ်ပြီးကုန်နေပြီ။
- သေကျေပျက်စီးရတဲ့လူတွေရဲ့ အရေအတွက်ဟာ အနည်းဆုံး (၃၀၀၀၀)ထက် မနည်းဘူး”လို့တွက်ချက်ပြောကြားခဲ့ပါတယ်။

အဲဒီဆုံးရှုံးမှုတန်ဖိုးတွေဟာ ယခုခေတ်ငွေတန်ဖိုးနဲ့မဟုတ်ဘဲ အဲဒီခေတ် အဲဒီအခါက ရွှေတန်ဖိုး၊ ငွေတန်ဖိုးတွေနဲ့ နှိုင်းယှဉ်ရင် အင်မတန်များပြားတဲ့ ဆုံးရှုံးမှုများဖြစ်ပါတယ်။ နောက်ပြီး အဲဒီဆုံးရှုံးမှုတွေဟာ ပြည်တွင်းစစ်ဖြစ်ပြီး တစ်နှစ်တာကာလရဲ့ ဆုံးရှုံးမှုမျှသာ ဖြစ်ပါတယ်။ ပြည်တွင်းစစ်ဖြစ်ပွားခဲ့တဲ့ နှစ်ပေါင်း (၇၀) ကျော်ကာလ တစ်လျှောက် တိုင်းပြည်နဲ့ ပြည်သူတွေရဲ့ ဆုံးရှုံးမှုတွေကို အဲဒီလိုတွက်ဆကြည့်မယ်ဆိုရင် ကျွန်တော်တို့အားလုံး အံ့သြကြရမှာ အမှန်ပါပဲ။

**“အိပ်ချ်ဂျီဝဲလ်က “စစ်ပွဲတွေကို ကျွန်တော်တို့ အဆုံးသတ်ချင်သတ်၊ အဆုံးမသတ်နိုင်ရင်တော့ စစ်ပွဲတွေက ကျွန်တော်တို့ကို အဆုံးသတ်လိမ့်မယ်” လို့ ပြောခဲ့ဖူးပါတယ်။ တကယ်တော့ စစ်ပွဲဆိုတာဟာ အဖြေမဟုတ်ဘူးဆိုတဲ့ သဘောတရားကို ကျွန်တော်တို့အားလုံး နားလည်လက်ခံသင့်ပါပြီ။ ပြည်တွင်းစစ်မီးတွေကြောင့် ကျွန်တော်တို့ ပြည်သူတွေရဲ့ အသက်အိုးအိမ်ဥစ္စာတွေ၊ လွတ်လပ်ပျော်ရွှင်မှုတွေ ဘယ်လောက်ဆုံးရှုံးခဲ့ရတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ကုန်ကုန်ပြောရရင် တိုင်းပြည်ရဲ့ကံကြမ္မာကိုတောင် စတေးပေးခဲ့ရပါတယ်။ ယနေ့အချိန်မှာ စစ်ပွဲနဲ့ဖြေရှင်းတဲ့နည်းကို အပြီးအပိုင်စွန့်လွှတ်ကြစေချင်ပါတယ်”**

ပြည်တွင်းစစ်နဲ့ ဗကပတို့အကြောင်းပြောရမယ်ဆိုရင် သခင်သန်းထွန်းအကြောင်းကို ချန်ထားခဲ့လို့ရမယ်မထင်ပါဘူး။ ဗကပတို့က သခင်သန်းထွန်းကို နှစ်ပေါင်းများစွာ ခေါင်းဆောင်တင်ပြီး လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးခဲ့ပါတယ်။ သခင်သန်းထွန်းနဲ့ ဗကပတို့ ကျဆုံးရခြင်းဟာ ကွန်မြူနစ်ဝါဒနဲ့ လက်နက်ကိုင်လမ်းစဉ်ကြောင့်လို့ ဆိုနိုင်သလို အမျိုးသားနိုင်ငံရေးအပေါ် ခံယူကျင့်သုံးခဲ့မှု အားနည်းခဲ့ခြင်းကြောင့်လို့လည်း ဆိုရမှာပါပဲ။ အမျိုးသားရေးဝါဒနဲ့ အမျိုးသားနိုင်ငံရေးဆိုတာဟာ လူထုလူတန်းစားအရေး၊ လူမျိုးရေး၊ ဝါဒရေးတို့ထက် အရေးကြီးတယ်ဆိုတာ သူတို့သတိမပြုမိခဲ့ကြပါဘူး။ ဘယ်နိုင်ငံရဲ့ အမျိုးသားရေးဝါဒကိုပဲကြည့်ကြည့်၊ မိမိတို့ဖြတ်သန်းခဲ့တဲ့ သမိုင်းကြောင်းနဲ့ သီးခြားခွဲထွက်မနေဘဲ ဆက်စပ်နေကြတာကို တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားရေးဝါဒ (ဝါ) အမျိုးသားနိုင်ငံရေးဆိုတာကတော့ ကျွန်တော်တို့ ဒီနေ့ပြောနေတဲ့ ဒို့တာဝန်အရေးသုံးပါးပဲလို့ ပြောကြရမှာဖြစ်ပါတယ်။

### နိုင်ငံရေးနည်းနဲ့ အဖြေရှာ

တကယ်တော့ စစ်ပွဲတိုင်းဟာ နိုင်ငံရေးနဲ့ ကင်းလွတ်တာတော့မဟုတ်။ နိုင်ငံရေးနဲ့ ညှိနှိုင်းအဖြေရှာကြရမှာသာ ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးအရ လွတ်လပ်မှုတွေရှိလာပါပြီ။ ယခင်က မပြောနိုင်တဲ့ကိစ္စတွေ၊ မပြောရဲတဲ့ ကိစ္စတွေကို ပြောရဲဆိုရဲ ပြောနိုင်ဆိုနိုင်ကြပါပြီ။ ယခင်က မမျှော်လင့်ရဲတာတွေ မျှော်လင့်နိုင်ပြီ။ ယခင်က မမက်ရဲခဲ့တဲ့ အိပ်မက်တွေကိုလည်း မက်ခွင့်ရနေပါပြီ။ တစ်နည်းအားဖြင့်ပြောရရင် ကမ္ဘာ့နိုင်ငံအားလုံး မျက်နှာမူရာဖြစ်နေတဲ့ ဒီမိုကရေစီစနစ်ကို စနစ်တကျပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံရေးအသစ်၊ ယဉ်ကျေးမှုအသစ်၊ ဓာတ်ကောင်အသစ်တွေကိုလည်း ပြောင်းလဲပေးနိုင်ခဲ့ပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ် ရာစုနှစ်ဝက်လောက် ကင်းကွာနေတဲ့ ဒီမိုကရေစီစနစ်ကို ပြန်လည်အသက်သွင်းပေးနိုင်ခဲ့ပြီဆိုတော့ အရေးကြီးတဲ့နိုင်ငံရေး အလှည့်အပြောင်းကြီးတစ်ခုကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြပါပြီလို့ ပြောနိုင်ပါတယ်။

အဲဒီလိုရရှိထားတဲ့ နိုင်ငံရေး၊ စီးပွားရေး ဖြစ်ထွန်းမှုများကို ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်များနဲ့ ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။ အစိုးရအဆက်ဆက်က ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ ကြိုးပမ်းခဲ့ကြပေမယ့် လုံးဝအဆုံးသတ်သွားတဲ့အထိတော့ ယနေ့အထိ မလုပ်နိုင်ခဲ့ကြသေးပါဘူး။ တကယ်တော့ ပြည်တွင်းငြိမ်းချမ်းရေးရဖို့ဆိုတာ အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ဇာစ်မြစ်ကို ဖြေရှင်းနိုင်ဖို့အတွက် နိုင်ငံရေးနည်းလမ်းနဲ့လည်း ဖြေရှင်းပေးကြရမှာ ဖြစ်ပါတယ်။

### အားကျစရာ သက်တံ့ရောင်ဆွေးနွေးပွဲ

ငြိမ်းချမ်းရေးဆော်သြသံတွေ ကြားရတိုင်း ကျွန်တော့်မျက်စိထဲမှာ မန်ဒဲလားတို့ ဦးဆောင်ဦးရွက်ပြုခဲ့ကြတဲ့ တောင်အာဖရိက ဆွေးနွေးပွဲတွေကို မြင်ယောင်မိပါတယ်။ အသားအရောင်ခွဲခြားမှု ပဋိပက္ခမျိုးစုံဖြစ်ပွားခဲ့တဲ့ တောင်အာဖရိကငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ကျွန်တော်တို့ အားကျအတုယူစရာ ကောင်းလှပါတယ်။ မျိုးနွယ်စုပေါင်း ၁၈၄ ခု၊ လူ့အဖွဲ့အစည်းပေါင်း ၅၆၀ ခန့်ရှိတဲ့ တောင်အာဖရိကနိုင်ငံရဲ့ အမျိုးသားသီချင်းသံကို နားထောင်လိုက်ရုံနဲ့ သူတို့ရဲ့အနာဂတ်၊ သူတို့ရဲ့မျိုးဆက်တွေအတွက် သူတို့ဘယ်လို တာဝန်ကျေခဲ့ကြတယ်ဆိုတာကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

“အနာဂတ်မျိုးဆက်အတွက် ဒီသီချင်းကို ဆိုပါတယ်။ အားလုံးပါဝင်ပြီး သာတူညီမျှရှိတဲ့ လူ့အဖွဲ့အစည်း တည်ဆောက်ပါတယ်” ဆိုတဲ့ စာသားတွေကို လူ့အဖွဲ့အစည်း ၁၃ ခုကို ကိုယ်စားပြုတဲ့ ဘာသာစကား ၁၃ မျိုးနဲ့ စပ်ဆိုထားတဲ့ သီချင်းသံတွေဟာ အဓိပ္ပာယ်ပေါင်း မြောက်မြားစွာကို ဖော်ကျူးနေကြပါတယ်။

အဲဒီလိုသီချင်းမျိုး ရေးဖွဲ့သီဆိုဖို့ သူတို့ဘယ်လောက်ဆောင်ရွက်ခဲ့ရတယ်။ ဘယ်လောက်အားထုတ်ခဲ့ရတယ်ဆိုတာကို လေ့လာကြည့်ရင် သင်ခန်းစာယူစရာတွေ များစွာတွေ့ရပါလိမ့်မယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ်ပြုလုပ်တဲ့ ဆွေးနွေးပွဲကို အရောင်အသွေးစုံညီမှု၊ မတူကွဲပြားမှုတွေအပေါ် နားလည်လက်ခံမှုကို ပြသနိုင်ဖို့အတွက် သက်တံ့ရောင် (Rainbow) ဆွေးနွေးပွဲအဖြစ် ခေါ်ဝေါ်ကျင်းပခဲ့ပါတယ်။ ပထမအကြိမ် ကျင်းပခဲ့တဲ့အချိန်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လမ်းပြမူဘောင် (Structure) ကောင်းကောင်းမချနိုင်ခဲ့ရုံသာမက ပြဿနာရဲ့အရင်းအမြစ်ကို ဆန်းစစ်ဆောင်ရွက်မှု အားနည်းခဲ့တဲ့အတွက် ပျက်ပြားသွားခဲ့ရတာ တွေ့ရပါတယ်။

ဒုတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို မန်ဒဲလားက “အပြောင်းအလဲတစ်ခုလုပ်မည်ဆိုရုံ သက်သက်နဲ့တော့ စကားထိုင်မပြောချင်ဘူး၊ တစ်ခုခုကို ဖော်ဆောင်ပေးဖို့ပဲ အပြောင်းအလဲကို လုပ်ချင်ပါသည်” ဟု သူ့ရဲ့ဆန္ဒနဲ့ ရပ်တည်ချက်ကို အတိအလင်းပြောကြားကာ ငြိမ်းချမ်းရေးအတွက် သက်တံ့ရောင် ဆွေးနွေးပွဲတွေကို စတင်ကန့်လန့်ကာဖွင့်ပေးခဲ့ပါတယ်။

စာမျက်နှာ ၇ သို့ ✪

☆ ကျောဖုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် KNU/KNLA (PC)မှ ဥက္ကဋ္ဌ စောထော်လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ ဗဟိုကော်မတီဝင် စောမောင်မောင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် KNU/KNLA (PC)မှ ဥက္ကဋ္ဌ စောထော်လေးတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြကာ တွေ့ဆုံဆွေးနွေးပွဲကို ရပ်နားလိုက်သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို မေ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၂၇။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**



## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကိုယ်စားပြုဘောလုံးအသင်းအား ထောက်ပံ့ငွေပေးအပ်

**လောက်ကိုင် မေ ၂၇**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ/ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုယ်စားပြု ဘောလုံးအသင်းအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမိုးဇော်လတ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးယောဟန်က ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ/ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမား ၁၈ ဦး၊ အုပ်ချုပ်သူတစ်ဦး၊ နည်းပြ နှစ်ဦး၊ ဒိုင် တစ်ဦး ပါဝင်သည့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကိုယ်စားပြု ဘောလုံးအသင်းအား အားပေးစကားပြောကြားပြီး ငွေကျပ် ၃၅၁၈၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရွှေစင်ဖြိုး(ပြန်/ဆက်)**

✻ ပြည်ပမှ

ပက်ဖျန်းကာ ကြိုဆိုကြပြီး တာဝန်ရှိသူများက လေယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှုကြသည်။

"ကျွန်တော်တို့ မြန်မာအမျိုးသားလေကြောင်းလိုင်းမှာ လက်ရှိပြေးဆွဲနေတဲ့ တစ်စင်းနဲ့ မလုံလောက်တဲ့အပြင် ဈေးကွက်လိုအပ်ချက်အရ အခုလိုမျိုး ဒုတိယမြောက် ဘိုးရင်းလေယာဉ်ကို ငှားရမ်းရခြင်းဖြစ်ပါတယ်။ အဓိကကတော့ ခရီးစဉ်တွေ တိုးချဲ့ပြေးဆွဲချင်လို့ ဖြစ်ပါတယ်။ အခုရောက်ရှိလာတဲ့ လေယာဉ်က အင်ဒိုနီးရှားလေကြောင်းလိုင်းမှာ ပြေးဆွဲနေတဲ့လေယာဉ်ဖြစ်ပါတယ်။ မြေပြင်ပေါ်မှာ စမ်းသပ်စစ်ဆေးမှုတွေ၊ ဝေဟင်ပေါ်မှာ စမ်းသပ်စစ်ဆေးမှုတွေ၊ စာရွက်စာတမ်း အချက်အလက်ဆိုင်ရာ စမ်းသပ်စစ်ဆေးမှုတွေပြုလုပ်ခဲ့ပြီး ကောင်းမွန်မှုရှိတာကြောင့် အခုလို သယ်ယူလာခဲ့တာဖြစ်ပါတယ်။ အခု လေယာဉ်ရောက်ရှိလာပြီဖြစ်တဲ့အတွက် နိုင်ငံတကာလေကြောင်းခရီးစဉ်တွေကို တိုးချဲ့ပြေးဆွဲသွားမှာဖြစ်ပြီး အကောင်းမွန်ဆုံးဝန်ဆောင်မှုတွေပေးသွားမှာ ဖြစ်ပါတယ်"ဟု မြန်မာအမျိုးသားလေကြောင်းမှ အမှုဆောင်အရာရှိချုပ် ကပ္ပတိန် ခုပ်ခန့်မုံက ပြောကြားသည်။

ယနေ့ရောက်ရှိလာသည့် Boeing 737-800 NG(XY-ALV)လေယာဉ်ကို Dubai Aerospace Enterprise(DAE)မှ ငှားရမ်းထားခြင်းဖြစ်ပြီး မြန်မာအမျိုးသားလေကြောင်းမှ အာရှပစိဖိတ်အတွင်းရှိ နိုင်ငံများသို့ ပိုမိုပျံသန်းပြေးဆွဲသွားမည်ဖြစ်ကာ ခရီးသည်များအတွက် ပိုမိုကောင်းမွန်သော ခရီးသွားအတွေ့အကြုံကို ပေးဆောင်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလေယာဉ်အား ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ထုတ်လုပ်ခဲ့ပြီး ပျံသန်းအသုံးပြုပြီးနာရီမှာ ၃၀၅၇၃ နာရီဖြစ်ကာ ဆင်းသက်အကြိမ်ရေ ၁၉၆၄၁ ဖြစ်ကြောင်း၊ ထိုင်ခုံအရေအတွက်အနေဖြင့် Business Class ၁၂ ခုံ၊ Y Class ခုံ ၁၅၀ ပါရှိကြောင်းနှင့် ငှားရမ်းကာလမှာ ခြောက်နှစ်သက်တမ်းဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းမှ သိရသည်။ **သတင်းနှင့် ဓာတ်ပုံ - လင်းရာမ**

## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် မီးဘေးအန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြော

**ထန်းတပင် မေ ၂၇**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင်ခန်းမတွင် မေ ၂၇ ရက် မွန်းလွဲပိုင်းက မီးဘေးအန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာခင်သီတာက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်တာဝန် (၄)ရပ်၊ မီးသတ်မှုရေးနှင့် မီးသတ်ဦးစီးဌာန၏ သင့်(၄)သင့် အကြောင်းအရာများကို အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြ



သည့် ဌာနမှူး ဆရာကြီး၊ ဆရာမကြီးများ၊ အနောက်ပိုင်းတက္ကသိုလ်ရှိ အရာထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် ပင်မဆောင်ရှေ့တွင် ထန်းတပင်မြို့နယ် မီးသတ်ဦးစီးမှူးဦးမိုးမင်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်းများ၊ ဂက်(စ်)အိုးမီးလောင်မှု မီးငြိမ်းသတ်နည်းများနှင့် ဆီမီးလောင်မှုမီးငြိမ်းနည်းစနစ်များကို လက်တွေ့ငြိမ်းသတ်ပြသခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❂ စာမျက်နှာ ၆ မှ

### စစ်မီးငြိမ်းချိန်တန်ပါပြီ

ဆွေးနွေးပွဲတွေမှာ "တောင်အာဖရိကမှာရှိတဲ့ ပြည်သူပြည်သားအားလုံးရဲ့ ဆန္ဒဖြည့်ဆည်းဖို့ စေ့စပ်ဆွေးနွေးမယ်" လို့ ကြေညာပြီး ဆောင်ရွက်ခဲ့တဲ့အတွက် ပဋိပက္ခတွေ ချုပ်ငြိမ်းသွားခဲ့ပါတယ်။ တကယ်တမ်းပြောရရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာ အပစ်အခတ်ရပ်စဲရေးတစ်ခုလောက်သာ ဆောင်ရွက်တာမဟုတ်ပါဘူး။ နိုင်ငံရဲ့အနာဂတ်ကို ဘယ်လိုပုံဖော်ကြမယ်ဆိုတာကိုပါ ဆွေးနွေးရတဲ့ လုပ်ငန်းစဉ်တစ်ခုပါ။ မတူညီတဲ့အမြင်တွေနဲ့ အစပြုပြီး မတူညီတဲ့ ရည်မှန်းချက်တွေကို စုစည်းကာ အားလုံးလက်ခံနိုင်မယ့် ဘုံရည်မှန်းချက်မျိုး ဖန်တီးယူခြင်းလို့ နားလည်မိပါတယ်။ အဲဒီလို တောင်အာဖရိက သက်တံရောင်ဆွေးနွေးပွဲမျိုးကို ကျွန်တော်တို့နိုင်ငံအတွက် စိတ်ကူးဖြင့် အကြိမ်ကြိမ် အိပ်မက်မက်ခဲ့ဖူးပါတယ်။

အိပ်ချ်ဂျီဝဲလ်က "စစ်ပွဲတွေကို ကျွန်တော်တို့ အဆုံးသတ်ချင်သတ်၊ အဆုံးမသတ်နိုင်ရင်တော့ စစ်ပွဲတွေက ကျွန်တော်တို့ကို အဆုံးသတ်လိမ့်မယ်" လို့ ပြောခဲ့ဖူးပါတယ်။ တကယ်တော့ စစ်ပွဲဆိုတာဟာ အဖြေမဟုတ်ဘူးဆိုတဲ့ သဘောတရားကို ကျွန်တော်တို့အားလုံး နားလည်လက်ခံသင့်ပါပြီ။ ပြည်တွင်းစစ်မီးများကြောင့် ကျွန်တော်တို့ ပြည်သူတွေရဲ့ အသက်အိုးအိမ်ဥစ္စာတွေ၊ လွတ်လပ်ပျော်ရွှင်မှုတွေ ဘယ်လောက်ဆုံးရှုံးခဲ့ရတယ်ဆိုတာ အားလုံးအသိပင်ဖြစ်ပါတယ်။ ကုန်ကုန်ပြောရရင် တိုင်းပြည်ရဲ့ ကံကြမ္မာကိုတောင် စတေးပေးခဲ့ရပါတယ်။ ယနေ့အချိန်မှာ စစ်ပွဲနဲ့ဖြေရှင်းတဲ့နည်းကို အပြီးအပိုင် စွန့်လွှတ်ကြစေချင်ပါတယ်။

ပြန်ကြည့်ရင် ညီအစ်ကိုအချင်းချင်း စစ်ခင်းကြရတဲ့အတွက် မည်သူနိုင်နိုင် မည်သူရှုံးရှုံး အကြွင်းသုညဂိမ်းသာ ဖြစ်ပါတယ်။ နှစ်ဖက်စလုံး အနိုင်ရစေမယ့်နည်းကတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အပြေအလည်ညှိနှိုင်းဆွေးနွေးဖို့သာ ဖြစ်တယ်။ မိမိတို့မျှော်လင့်ထားသလောက် အကျိုးရလဒ်မရလင့်စေဦးတော့ ပြည်သူ့မျက်နှာကို ထောက်ထားပြီး ဆွေးနွေးပွဲ၊ စကားဝိုင်းများမှာ ခြေမြဲလက်မြဲပါဝင်ဆွေးနွေးစေချင်ပါတယ်။ ကျွန်တော်တို့ပြည်သူတွေကတော့ နောက်တစ်ကြိမ် ပြည်သူကိုကျောခိုင်းထွက်ခွာသွားခြင်းမျိုး မပြုလုပ်ကြပါနဲ့လို့သာ ကျိတ်၍ ဆုတောင်းနေမိပါတယ်။

မည်သို့ပင်ဖြစ်စေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုရဲ့ ပုံသဏ္ဍာန်ဟာ နိုင်ငံသမိုင်းကြောင်းနောက်ခံအနေအထား၊ ပဋိပက္ခဖြစ်ပွားမှုပုံစံတို့ရဲ့ လွှမ်းမိုးမှုအောက်မှာ ဖြစ်ပေါ်လာရပါတယ်။ ယနေ့ကျင်းပပြုလုပ်နေတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဟာ မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် နှစ်ပေါင်းများစွာ ကျွန်တော်တို့ မက်ခဲ့မိတဲ့ အိပ်မက်၊ ကျွန်တော်တို့ရဲ့အနာဂတ်လို့ ဆိုနိုင်ပါတယ်။

ဖြစ်နိုင်မယ်ဆိုရင် ယနေ့အချိန်မှာ "စစ်"ဆိုတဲ့ အသံပင် မကြားချင်တော့ပါ။ လွတ်လပ်ရေးရပြီးကတည်းက ဖြစ်ပေါ်ခဲ့တဲ့ စစ်ပွဲတွေရဲ့ဒါဏ်ခါးသီးမှုများက အင်မတန် အရုပ်ဆိုးအကျည်းတန်လှပါတယ်။ ထိုဒါဏ်ခါးသီးမှုတွေကို ကျွန်တော်တို့အားလုံး ဆင်ခြင်သတိပြု သင်ခန်းစာယူကြရမှာ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ပြည်တွင်းစစ်မီးတွေနဲ့ နိုင်ငံရေးမိုးသက်မုန်တိုင်းတွေကြား ပြေးလွှားဖြတ်သန်းခဲ့ဖူးသူတစ်ဦးရဲ့ ဖြောင့်ဆိုချက်တစ်ခု ပေးရမယ်ဆိုရင် ငြိမ်းချမ်းရေးမရှိရင် အခြားစီးပွားရေး၊ လူမှုရေးအားလုံး ပြိုလဲသွားနိုင်တဲ့အတွက် အနာဂတ်မျိုးဆက်များအတွက် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်းဆုံး ထားပေးခဲ့ဖို့ အချိန်တန်ပါပြီလို့ ဆိုချင်ပါတယ်။ ။

# လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇)၌ ကျင်းပသည်။

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဌာနအကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားပေးစက်ရုံမှူးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လက်ရှိနိုင်ငံတွင် လျှပ်စစ်ဓာတ်အား မလုံလောက်မှုနှင့် ကြုံတွေ့နေရသည့်အတွက် ရရှိနိုင်သမျှသော စွမ်းအင်အရင်းအမြစ်မျိုးစုံကို အသုံးပြုပြီး ရေတို၊ ရေရှည် နည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အား အမြန်ဆုံးတိုးတက်ရရှိရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတွင် မီးသုံးစွဲသူ ပြည်သူများထံသို့ အလေအလွင့်နည်းပါးစွာဖြင့် လျှပ်စစ်မီးရရှိရေး စီမံဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်အတွက် ဓာတ်အားခ အခွန်အခများကိုလည်း အပြည့်အဝရရှိရေး ကောက်ခံသွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်စဉ် လုံခြုံရေးအား အထူးဂရုပြု ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မိမိတို့၏ လုပ်ငန်းများအပေါ် စေတနာအပြည့်အဝဖြင့် ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေကိုလည်း စနစ်တကျစိစစ်၍ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်မှ ခွင့်ပြုရရှိသည့် ဘဏ္ဍာငွေများအပေါ် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ဓာတ်အားပေးစက်ရုံများအပိုင်းတွင်လည်း ဓာတ်အားပေးစက်ရုံများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဓာတ်အားစဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးတို့အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားပေးစက်ရုံသုံးပစ္စည်းများကို ကြံ့ခိုင်နေစေရန် အမြဲစစ်ဆေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရုံးအဆောက်အအုံနှင့် ဓာတ်အားပေးစက်ရုံပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် လုံခြုံရေးကိုလည်း အထူးဂရုပြု စီမံဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မိုးရာသီရောက်ရှိလာပြီဖြစ်၍ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေး ပညာပေး၊ သတိပေးခြင်းနှင့် ဓာတ်အားလိုင်းများတစ်လျှောက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းသွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး



လုပ်ငန်း၊ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံမှူးများက မိမိတို့ဓာတ်အားပေးစက်ရုံအလိုက် နှစ်စဉ်ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ဓာတ်အားပေးစက်များမှ ဓာတ်အားများမောင်းနှင်ထုတ်လုပ်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံမှူးများက ဓာတ်အားပေးစက်ရုံအလိုက် သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေမှု အခြေအနေများကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများက မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဌာနကြီးမှူးများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ပန်းခင်းစီမံချက် ပြည်နယ်လုံးကျွတ်လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပွဲ ကျင်းပ




**နေပြည်တော် မေ ၂၇**

ရခိုင်ပြည်နယ် ပန်းခင်းစီမံချက် ပြည်နယ်လုံးကျွတ်လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပွဲကို ယနေ့နံနက် ၁၀ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုး၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပန်းခင်းစီမံချက်သည် ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လ ကြာသတ်မှတ်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်ရန်ရှိသည့် လျာထားချက်များအတိုင်း ပြည့်မီပြီးစီးအောင် ဆောင်ရွက်ကြရမည့် စီမံချက်တစ်ရပ်ဖြစ်ပါကြောင်း၊ ယင်းစီမံချက်သည် ယခုအခါ စီမံချက်ကာလ (၁)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ယင်းကာလအတွင်း ပဲခူး၊ ဧရာဝတီ၊ နေပြည်တော်၊ မန္တလေး၊ တနင်္သာရီနှင့် မကွေး စသည့် တိုင်းဒေသကြီးခြောက်ခုသည် တိုင်းလုံးကျွတ်လျာထားချက် ပြည့်မီအောင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ယခု ရခိုင်ပြည်နယ်သည်လည်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရန် ၁၅၇၈၀၆ ကတ်လျာထားရာ ယခုအထိ ၁၈၃၃၉၉ ကတ်၊ ၁၁၆ ဒသမ ၂၂ ရာခိုင်နှုန်း ထုတ်ပေးပြီးစီးပြီဖြစ်သည့်အတွက် ခုနစ်ခုမြောက် ပြည်နယ်လုံးကျွတ် ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပန်းခင်းစီမံချက်ကို သတ်မှတ်ကာလအတွင်း လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပြီးဖြစ်သော်လည်း မှတ်တမ်းများ စနစ်တကျဖြစ်စေရေးနှင့် မှန်ကန်စေရေးအတွက် မြို့နယ်အချင်းချင်း၊ ခရိုင်အချင်းချင်း၊ အပြန်အလှန် စစ်ဆေးဆောင်ရွက်ခြင်းကိုလည်း ဆက်လက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားများကို နိုင်ငံသားကတ်ထုတ်ပေးခြင်းသည် လုပ်ငန်းသဘောသဘာဝအရ စဉ်ဆက်မပြတ်ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ရာ အားလုံးက ဆက်လက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

**တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပန်းခင်းစီမံချက်ကို တိုင်းလုံးကျွတ် လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြသည့် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ပန်းခင်းစီမံချက်တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ရခိုင်ပြည်နယ်မှ ဝန်ထမ်းများကို တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ပေးကာ ရာထူးအဆင့်များကို တပ်ဆင်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများနှင့် ဦးစီးမှူးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ရခိုင်ရိုးရာ မဟာနွယ်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မြို့နယ်အသီးသီး၏ ပန်းခင်းစီမံချက်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ မြို့နယ်အလိုက် လျာထားချက်ပြီးစီးမှု အထောက်အထားမှတ်တမ်း စာရွက်စာတမ်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ရခိုင်ပြည်နယ်အတွင်း စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူနှင့် သံတွဲ စသည့် ခရိုင်ငါးခု၊ မြို့နယ် ၁၇ မြို့နယ်၊ ရပ်ကွက် ၁၈၉ ခု၊ ကျေးရွာအုပ်စု ၁၀၃၇ အုပ်စု၊ ကျေးရွာပေါင်း ၃၇၃၈ ရွာရှိပြီး ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၇၈၀၆ ကတ်ထုတ်ပေးရန် လျာထားဆောင်ရွက်ခဲ့ရာ ယခု ၁၈၃၃၉၉ ကတ်၊ ရာခိုင်နှုန်းအားဖြင့် ၁၁၆ ဒသမ ၂၂ ရာခိုင်နှုန်း ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့သည့်အတွက် ပြည်နယ်လုံးကျွတ်လျာထားချက် ရာခိုင်နှုန်းပြည့်မီကျော်လွန်ပြီးမြောက်ခဲ့ခြင်းဖြစ်သည်။

**ရှင်းလင်းပြောကြား**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်တွေမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများက ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄) ပါ အချက်အလက်များအား ကွန်ပျူတာဖြင့် ဖြည့်သွင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ဘွဲ့ကြို ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် မေ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘွဲ့ကြို ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်အဆင့် သစ်တောပညာသင်ကြားမှုသည် ၁၉၂၃ ခုနှစ်တွင် စတင်ခဲ့ပြီး ယခု နှစ် ၁၀၀ ပြည့်တော့မည်ဖြစ်ကြောင်း၊ ၂၀၂၁- ၂၀၂၂ ပညာသင်နှစ်အထိ အရည်အချင်းပြည့်မီသော သစ်တောသိပ္ပံဘွဲ့ရ ၃၀၅၂ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များတွင် ဆက်လက်လေ့လာသင်ယူ၍ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ရရှိခဲ့သူများစွာရှိကြောင်း၊ အစဉ်အလာကြီးမားခဲ့သည့် တက္ကသိုလ်ဖြစ်သည်နှင့်အညီ ယခုပညာဆည်းပူးရန် ရောက်ရှိလာသော ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိအောင် ဆရာ ဆရာမများ၏ ဆုံးမစကားကိုနာယူ၍ ကြိုးစားအားထုတ်စေလိုကြောင်း၊ ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူများအပေါ် သားသမီးသဖွယ်ကြည့်ရှုစောင့်ရှောက်၍ ဆရာ့ဝတ်ငါးပါးကို ကျေပွန်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တက္ကသိုလ်၏ သင်ထောက်ကူပစ္စည်းများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးတွင် အသုံးပြုရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးနှင့် တာဝန်ရှိသူများက အလှူငွေများ ပေးအပ် သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များ မေးမြန်းဖြည့်ဆည်းပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ် စာသင်ဆောင်များတွင် စာသင်ကြားနေမှု၊ တက္ကသိုလ် ပရဝဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် ဖျော်ဖြေပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်တွင်ပထမနှစ်မှ ပဉ္စမနှစ်အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၈ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးတက္ကသိုလ်နှင့် တောင်ကြီးပညာရေး ဒီဂရီကောလိပ်၌ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဦးအောင်မြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ်၊ တောင်ကြီးတက္ကသိုလ်သို့ရောက်ရှိပြီး စာသင်ဆောင်များ၊ လက်တွေ့ခန်းများ၊ တက္ကသိုလ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက် ဆဲလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားပြီး တက္ကသိုလ်အတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးတက္ကသိုလ် စာသင်ခန်းများ၌ အေးချမ်းစွာ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများထံ သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးတက္ကသိုလ် သုတေသနစင်တာသို့ သွားရောက်၍ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ပထဝီဝင်နှင့် ဘူမိဗေဒဌာနအလိုက် သုတေသနစင်တာတွင် ဖွဲ့စည်းဆောင်ရွက်နေမှု၊ တက္ကသိုလ် သုတေသနစင်တာတွင် မိုးလေဝသ သုတေသနစခန်း ဖွဲ့စည်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။




ယင်းနောက် တက္ကသိုလ်ခန်းမတွင် တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသီသင်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များနှင့်တွေ့ဆုံ၍ တောင်ကြီးတက္ကသိုလ်၏ သင်ကြားရေးနှင့် စီမံရေးကိစ္စရပ်များ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ကြရန်မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိကာ အဆိုပါကျောင်းရှိ ကမ္ဘောဇခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ပညာရေးဒီဂရီကောလိပ်ပထမနှစ် ပထမနှစ်ဝက်သင်တန်းသား သင်တန်းသူများ၊ ပထမနှစ် ဒုတိယနှစ်ဝက်သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ပညာရေးဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများက "အနာဂတ်မြန်မာသို့"သီချင်းကို တိုင်းရင်းသား ယိမ်းအကဖြင့်လည်းကောင်း၊ မောသျှမ်းမြေ သီချင်းကို ရှမ်းရိုးရာယိမ်းအကဖြင့်လည်းကောင်း၊ ပအိုဝ်းရိုးရာယိမ်းအကဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။

**ပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမ လောင်းလျာ ကျောင်းသား ကျောင်းသူများအနေဖြင့် အလွန်မွန်မြတ်သော ဆရာ ဆရာမဘဝကို လျှောက်လှမ်းနိုင်ရန်အတွက် ပညာရေးဘွဲ့ရအောင်ကြိုးစားကြစေလိုကြောင်း၊ အခက်အခဲများကြုံတွေ့ပါကလည်း စိတ်ဓာတ်မကျဘဲ အနာဂတ်မျိုးဆက်သစ် လူတော်လူကောင်းများကို မွေးထုတ်ပေးနိုင်သည့် မွန်မြတ်သော ဆရာ ဆရာမများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ပညာရေးဒီဂရီကောလိပ်မှဘွဲ့ရပြီး ကျောင်းများသို့ရောက်သည့်အခါ နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများကို ဆင်းရဲချမ်းသာစသည်ဖြင့် အဆင့်အတန်းမခွဲဘဲ တန်းတူစေတနာထား၍ ပညာတတ်အောင် သင်ကြားပေးစေလိုကြောင်း၊ စာတတ်အောင် သင်ကြားပေးရုံသာမဟုတ်ဘဲ နိုင်ငံတော်ကအားထားရသည့် စည်းကမ်းရှိသော၊ ယဉ်ကျေးလိမ္မာသော၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ပြည့်ဝသောသူများဖြစ်အောင် ပြုစုပျိုးထောင်သင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးထွန်း အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ရောက်ရှိစစ်ဆေး

**ရန်ကုန် မေ ၂၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်၏ သင်ကြား/စီမံရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တက္ကသိုလ် "ပုဂံခန်းမ" ၌ ဒုတိယပါမောက္ခချုပ်(စီမံ) ဦးစိန်မော်က တက္ကသိုလ်၏ရည်ရွယ်ချက်၊ သမိုင်းကြောင်းနှင့်တည်နေရာ အကျယ်အဝန်းအခြေအနေ၊ သင်ကြား/စီမံ ဝန်ထမ်းအင်အားအခြေအနေနှင့် လာမည့် ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည့် ၂၀၂၂- ၂၀၂၃ ပညာသင်နှစ်ကာလအတွင်း ပြည်တွင်း ပြည်ပ သင်တန်းသားများ လက်ခံဖွင့်လှစ်သင်ကြားပို့ချရန် စီမံဆောင်ရွက်ထားရှိမှု၊ ကာကွယ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းပေးအပ်သည့် မြေနေရာ ၂ ဒသမ ၇၆၂ ဧကကို သာသနာ့မြေရရှိရေးဆောင်ရွက်နေမှု၊ အဆိုပါ မြေနေရာပေါ်ရှိ အဆောက်အအုံများကို တက္ကသိုလ်တွင် လေ့လာသင်ယူကြမည့် ပြည်တွင်းပြည်ပ သင်တန်းသားများထားရှိရန် မွမ်းမံပြင်ဆင်နေမှုနှင့် တက္ကသိုလ်၏ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ်ဗဟိုဆောင်ရှိ ဘာဝနာမဟာသဘာတရားထိုင်ခန်းမ၊ တက္ကသိုလ်စာကြည့်တိုက်၊ ဆွမ်းစားဆောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်း ပေးအပ်သည့် မြေနေရာနှင့် ပြုပြင်မွမ်းမံလျက်ရှိသော အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ၁၉-၅-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

(ယမန်နေ့မှအဆက်)

**နိုင်ငံ့သစ္စာအွန်လိုင်းအေဂျင်စီမှ သတင်းထောက် ဦးအောင်ကျော်ဦး**က ၅၀၅(က) ဖြင့် အမှုဖွင့်ခံထားရသည့်လူတစ်ယောက်က ပြစ်မှုတစ်စုံတစ်ရာမျှမရှိဘဲ သူများယောင်တိုင်း လိုက်ယောင်သည့်လူဖြစ်ကြောင်း၊ သို့သော် ထိုလူကို မြို့နယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း၊ ထိုလူကပြန်လာနေပြီး မြို့နယ်ရဲစခန်းမှာ အဆင်မပြေလျှင် မည်သည့်နေရာကို ဆက်ပြီး အကြောင်းကြားရမည်ကို သိလိုကြောင်းမေးမြန်းသည်။


**ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က မြို့နယ်ရဲစခန်းက အဆင်မပြေစရာမရှိကြောင်း၊ မိမိတို့ကလုပ်ငန်းစဉ်များကို ချပေးထားပြီးဖြစ်ကြောင်း၊ ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်အတိုင်းသာ ဆောင်ရွက်ပေးသွားလိမ့်မည်ဖြစ်ကြောင်း၊ ယုံယုံကြည်ကြည်နှင့် သွားပြီးသတင်းပို့ရန်လိုကြောင်း၊ သတင်းစာထဲတွင်လည်း ယုံကြည်စိတ်ချစွာဖြင့် သတင်းပေးပို့နိုင်ပါသည်ဟု ကြေညာထားကြောင်း၊ ထိုအတိုင်းသာ သတင်းပေးပို့ဆက်သွယ်သည့်သူများလည်း အများကြီးရှိကြောင်း၊ ၎င်းတို့အားလုံးကိုလည်း ဥပဒေနှင့်အညီဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

## ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့လာကြ

**ခေတ်ပုံရိပ်သတင်းဂျာနယ်မှ သတင်းထောက် ဦးဝင်းနိုင်**က မိမိတို့မီဒီယာဆိုသည်မှာ အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးတံတားလည်းဖြစ်ကြောင်း၊ မီဒီယာသည် ပြည်သူများ၏လိုအပ်ချက်ကို အစိုးရသိအောင်၊ အစိုးရ၏ဆောင်ရွက်ချက်များကို ပြည်သူများသိအောင် ရေးသားဖော်ပြပေးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ အမှန်တကယ် လိုအပ်နေသည့်ကိစ္စရပ်များကို မေးမြန်းလိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အရပ်ရပ်တွင် မီးရထားလမ်းဘေးကျူးကျော်၊ ကားလမ်းဘေးကျူးကျော်နှင့် စီမံကိန်းနှင့် စည်ပင်ကျူးကျော်များကို ဖယ်ရှားရှင်းလင်းခဲ့သည်ကိုတွေ့ရကြောင်း၊ ယင်းကိစ္စများကလည်း မြို့တော်စည်ပင်သာယာရေးအတွက် အလွန်ကောင်းမွန်သောကြောင့် ထောက်ခံအားပေးကြောင်း၊ သို့သော် ကျူးကျော်ဆိုသည့်မိသားစုများက မိမိတို့နိုင်ငံသားများဖြစ်ကြောင်း၊ တချို့ပင်လယ်ကမ်းပြိုသည့်အတွက် ရွာပျက်၊ လယ်များပျက်စီးသောကြောင့် “ရေကြည်ရာ မြက်နုရာ” ဟုဆိုသည့်အတိုင်း မှီတင်းနေထိုင်ရန် အဆင်ပြေသည့်နေရာသို့ ပြောင်းရွှေ့လာကြခြင်းက နှစ်ပေါင်း ၁၀ နှစ်ကျော်၊ ၁၅ နှစ်ကျော်ရှိခဲ့သည့် မိသားစုများရှိကြောင်း၊ ၎င်းတို့အခြေတကျဖြစ်မှ ဖယ်ရှားခံရသည့်အတွက် တချို့ဆိုမည်သည့်နေရာတွင် နေရမည်မှန်းမသိကြကြောင်း၊ အိုးမဲ့အိမ်မဲ့ မိသားစုလိုက် သူတစ်ပါးအိမ်တွင် ငှားရမ်းနေထိုင်ရကြောင်း၊ ထိုသို့ဖယ်ရှားခံရသည့် အိမ်ထောင်စုဝင်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် မည်သို့နေရာချထား၊ ကူညီပေးနိုင်ရန် ရှိ၊ မရှိသိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မည်သည့်နေရာကို ပြောပါသလဲဟု ပြန်၍မေးမြန်းရာ သတင်းထောက် ဦးဝင်းနိုင်က ပဲခူးတိုင်းဒေသကြီးအတွင်းတွင် မိမိတွေ့ရကြောင်း ဖြေကြားသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ယခင်တုန်းကတိုင် ထိုမေးခွန်းကို မေးမြန်းပြီးဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အဖြေအတိုင်းသာ မိမိဖြေကြားမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က မြေနေရာချထားမှုဆောင်ရွက်လျက်ရှိသည်ဟု တစ်ခွန်းပဲပြောကြောင်း မိမိလည်း ထိုအတိုင်း ပြောမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။




**Myanmar Hard Talk သတင်းဌာနမှ သတင်းထောက် ဦးရဲလင်းထွန်း**က လက်ရှိ နိုင်ငံတော်အိမ်စောင့်အစိုးရ၏ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးနှင့် နိုင်ငံခြားဆက်ဆံရေး ကိုင်တွယ်ပုံများသည် ပျော့ပျောင်းလွန်းသည်ဟု ပြည်သူများ၏ ဝေဖန်မှုများ မြင့်တက်နေကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီး ဗိုလ်ချုပ်တို့အစိုးရအနေဖြင့် အမှန်တကယ် ပျော့ပျောင်းနေသည်လား၊ မနိုင်မနင်းဖြစ်နေပြီလား၊ မည်ကဲ့သို့ဖြစ်နေပြီကို သိလိုကြောင်း မေးမြန်းသည်။

## ယခင်ကတည်းက ထည့်နေသည့်လောင်စာရှိ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က တချို့သောမေးခွန်းများက ဖြေသည့်လူသည်လည်း မေးသည့်သူက မည်သည့်အတွက်ကြောင့် မေးသည်ကို ပြန်စဉ်းစားပြီးမှ မိမိဖြေရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးနှင့်ပတ်သက်ပြီး တပ်မတော်သည် ၁၉၄၈ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ပြည်တွင်းသောင်းကျန်းမှုသည် Internal Factor၊ External Factor ဟူ၍ ရှိကြောင်း၊ ပြည်တွင်းသောင်းကျန်းမှု တစ်ခုဖြစ်ပေါ်လာရန် ၎င်းလူများကိုကျွေးရန်၊ လက်နက်/ခဲယမ်း တပ်ဆင်ရန်၊ ၎င်းတို့မှာ လက်ရှိရှိသည့်ငွေနှင့်မည်သည့်နိုင်ငံမှ ဖြစ်စရာအကြောင်းမရှိကြောင်း၊ ယူကရိန်းကဲ့သို့ နိုင်ငံမျိုးပင် အမေရိကန်လိုနိုင်ငံက ဒေါ်လာဘီလီယံ ၄၀ ခန့် ထောက်ပံ့နေရကြောင်း၊ မည်သည့်အတွက်ကြောင့် ထောက်ပံ့နေသလဲဆိုလျှင် နိုင်ငံချင်းဖြစ်သည့်စစ်ဖြစ်ကြောင်း၊ ၎င်းသည် EAO အဖွဲ့ဖြစ်ကြောင်း၊ အထောက်အပံ့မရှိဘဲ မည်သည့်အရာမျှဖြစ်မလာကြောင်း၊ ရုတ်တရက် ဟုန်းခနဲထတောက်လာခြင်းမဟုတ်ကြောင်း၊ ယခင်ကတည်းကတိုင် ထည့်နေသည့်လောင်စာရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းလူများသည် မိမိတို့နိုင်ငံသားဖြစ်သည်ကိုသိကြောင်း၊ တပ်မတော်ရှိလက်နက်များကို အလုပြထားသည့်လက်နက်များဖြစ်သည်ဟု တချို့က ပြောကြကြောင်း၊ တချို့နေရာတိုင်းတွင် လုပ်ချင်တိုင်းလုပ်၍မရကြောင်း၊ နောက်ဆက်တွဲများ အများကြီးရှိကြောင်း၊ ပြည်တွင်းသောင်းကျန်းရေးနှင့်ပတ်သက်ပြီး မိမိတို့မလုပ်ချင်သည့်အတွက် ငြိမ်းချမ်းရေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သို့သော် တချို့သောနေရာများတွင် လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ရမည်ဖြစ်ကြောင်း။

နိုင်ငံခြားဆက်သွယ်ရေးနှင့် ပတ်သက်ပြီး နိုင်ငံခြားဆက်သွယ်ရေးမူဝါဒများအတိုင်း မိမိတို့လိုက်လျောလုပ်ဆောင်ကြောင်း၊ တစ်ဖက်က ပြောသည့်အတွက်ကြောင့် နိုင်ငံခြားသံအမတ်များနှင့်ပတ်သက်ပြီး မည်သို့တုံ့ပြန်စေလိုပါသလဲ၊ နိုင်ငံခြားသံတမန်ဆက်ဆံရေးသည် အင်မတန်မှနက်နဲသည့် ကိစ္စဖြစ်ကြောင်း၊ အပေါ်ယံလေးတွင် တွေ့နေရသည့် သတင်းသာမဟုတ်ကြောင်း၊ မိမိဥပမာတစ်ခုပြောလိုသည်မှာ မြန်မာနိုင်ငံနှင့် စီးပွားရေးအဆက်အသွယ်ဖြတ်လိုသည့် နိုင်ငံများရှိကြောင်း၊ ပါးစပ်ကစီးပွားရေးအဆက်အသွယ်ဖြတ်မည်ဟုပြောပြီး သို့သော် နောက်ကွယ်က ထိတွေ့ဆက်ဆံလိုသည့်အပိုင်းများ အများကြီးရှိကြောင်း၊ ဥပမာ-ယူကရိန်းနှင့် ရုရှားတွင် ရုရှားနိုင်ငံမှ EU နိုင်ငံများသည် ဓာတ်ငွေ့မဝယ်ဘူး။ ပိတ်မည်ပြောကြောင်း၊ ၎င်းအပြင်နေရာမှ လှည့်ပြီးရှာဖွေဝယ်ယူမည့်ပုံစံများရှိကြောင်း၊ ထိုကိစ္စသည် ၎င်းတို့ အပိုင်းဖြစ်ကြောင်း၊ မိမိတို့အပိုင်းတွင်လည်း ထိုကိစ္စမျိုးများရှိနေကြောင်း၊ တချို့နေရာတွင် ယခုသတင်းစာရှင်းလင်းပွဲများတွင် မိမိတို့ပြောနေရသည့်စကားသည် ဘာလုပ်ပြစ်၊ ညာလုပ်ပြစ်ဟု ပြော၍လည်းမရကြောင်း၊ ပြောစရာလည်း အကြောင်းမရှိကြောင်း၊ မိမိတို့အနေဖြင့် ပြောလိုသည်မှာ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးအတွက် နှစ်မျိုးဆောင်ရွက်လျက်ရှိကြောင်း၊ နံပါတ်(၁) ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုးတက်အောင်ဆောင်ရွက်လျက်ရှိကြောင်း၊ နံပါတ်(၂) ပြည်သူ့အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးလာမှုမှန်သမျှကို လုံခြုံရေးနှင့် ကာကွယ်ရေးအရ ဆောင်ရွက်သင့်သည်များ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားဆက်ဆံရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် အခြေခံဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်သည့်အခါတွင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် ပတ်သက်ပြီး အထိမခံဘဲ ကာကွယ်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Public Press မှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က မိမိမေးလိုသည်များကို ရှေ့တွင်မေးမြန်းသွားကြပြီးဖြစ်၍ ယခုသတင်းစာရှင်းလင်းပွဲသို့လာစဉ် ဆရာမတစ်ယောက်က ဖုန်းဆက်မေးမြန်းချက်နှင့်ပတ်သက်၍ မေးလိုကြောင်း၊ တာဝန်မှ ကင်းကွာသွားသည့် CDM များကို ပြန်လည်ဖိတ်ခေါ်နေသည်ကို တွေ့ရကြောင်း၊ ယခင်အစိုးရလက်ထက်တွင် နိုင်ငံရေးကိုစိတ်မဝင်စားဘဲ အမျိုးသားအရေးကို ရှေ့တန်းထားသည့် ဆရာ ဆရာမတချို့ကို အပြစ်အမျိုးမျိုးရှာပြီး ထုတ်ပယ်ခံခဲ့ရသည့် ပုဂ္ဂိုလ်များရှိကြောင်း၊ ၎င်းတို့ကို အပြစ်ရှာခံထားရသည့်ကိစ္စများမှာလည်း တာဝန်မှ လပေါင်းများစွာ ကင်းကွာနေသည့်ပြစ်မှုလောက် မကြီးကျယ်ကြောင်း၊ ထို့ကြောင့် ထိုဆရာမများကို ဖိတ်ခေါ်သည့်အထဲတွင် ပါစေလိုကြောင်း၊ ပါ၊ မပါလည်း မိမိတို့ တိတိကျကျမသိရကြောင်း၊ ပုဒ်မ ၅၀၅ ဖြင့် ငြိစွန်းသည့် ဆရာမများလည်း ပြန်လျှောက်လို့ ရ၊ မရလည်း သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းထောက်ကြီး၏ဆိုလိုရင်းကို မသိရှိကြောင်း ပြန်လည်မေးမြန်းရာ ဒေါက်တာစိုးမြင့်ဦးက တာဝန်မှကင်းကွာသွားသည့် ပညာရေးဝန်းထမ်းများကို ပြန်လည်ဖိတ်ခေါ်သည့် ကိစ္စကိုဆိုလိုကြောင်း၊ ယခင်က ပြစ်မှုကြီးကြီးမားမား မရှိဘဲ ထုတ်ပယ်ခံထားရသည့် ဆရာ ဆရာမများကိုလည်း ဖိတ်ခေါ်သည့်အထဲတွင် ပါ၊ မပါ သိလိုကြောင်း မေးမြန်းသည်။

## ထုတ်ပယ်ခံထားရသည့်သူများ မပါ

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပညာရေးဝန်ကြီးဌာနနှင့် မိမိတို့ထုတ်ပြန်ထားသည့်အထဲတွင် ထုတ်ပယ်ခံထားရသည့်သူများဟု မပါကြောင်း၊ ကင်းကွာသွားသည့်သူများသာပါကြောင်း၊ ယင်းနှင့်ပတ်သက်၍ ယခင်က ဆရာမတစ်ယောက်လည်း အငြိမ်းစားယူသွားပြီးမှ ပြန်၍အလုပ်ဝင်လိုသူဟု မိမိထင်ကြောင်း၊ ကိစ္စကိုလည်း သက်ဆိုင်ရာကို တင်ပေးလိုက်ကြောင်း၊ ထိုလမ်းကြောင်းအတိုင်း သက်ဆိုင်ရာသို့တင်ပါဟု ပြောလိုကြောင်း၊ ထုတ်ပယ်ခံထားရသည့်သူများမပါကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Public Press မှ အယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က Social Media တွင် ပညာရေးဝန်ကြီး ဖရဲသီးစသည်ဖြင့် ရေးသားထားသည်ကို တွေ့ရကြောင်း၊ တချို့တွင် ပြစ်မှု၊ ပြစ်ဒဏ် မပေါ်လွင်သော်လည်း အတင်းအဓမ္မဆွဲသွင်းပြီး ဖြုတ်ချခြင်းမျိုးများ ရှိကြောင်း၊ ထိုဆရာမကိုလည်း တရားလွှတ်တော်ချုပ်ရုံးမှ စာချွန်တော်မင်းအာဏာဖြင့် ပြန်ပြီးတရားစွဲသည့်အခါတွင် အနိုင်ရရှိသော်လည်း ပြန်ပြီးစစ်မည်ဟုဆိုကာ ပြန်လည်ဖြုတ်ထုတ်သည်များလည်း ရှိကြောင်း၊ အငြိုးအတေးကြီးပြီး ဆရာတစ်ယောက်ကိုလည်း ထိုနည်းလည်းကောင်းဖြစ်ကြောင်း၊ ကာယကံရှင်က ပြစ်မှုမကျူးလွန်ကြောင်းပြောသော်လည်း မရဘဲ ထုတ်ပယ်လိုက်ကြောင်း၊ နောက်ဆုံးလုပ်ကြံခံရသည်အထိ အငြိုးအတေးကြီးကြောင်း၊ ထိုကိစ္စများသည် တရားမျှတမှုမရှိသကဲ့သို့ ဖြစ်နေကြောင်း၊ ယင်းကိစ္စများကို မည်သို့လုပ်၍ရမည်ကို သိလိုကြောင်း၊ ထုတ်ပယ်လိုက်သည့်အခါမှာလည်း အတော်ပင် မမျှမတဖြစ်နေကြောင်း၊ အကျိုးအကြောင်း ခိုင်လုံစွာဖြင့်တင်ပြသော်လည်း ထူးခြားမှုမရှိကြောင်း၊ ယခင်လူများ ဆုံးဖြတ်ထားသည်ကိုသာ ဥပဒေနှင့်ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ ကာကွယ်ပြီး ပြောဆိုနေသဖြင့် အချိန်ကုန်နေသောကြောင့် ကာယကံရှင်များအနေဖြင့် နစ်နာနေရကြောင်း မေးမြန်းသည်။

## စွပ်စွဲခံရသူနှင့် စွပ်စွဲသူဘက်မှ မျှတရန်လို

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထိုကိစ္စကို မိမိအနေဖြင့် ထပ်တင်ပါဟုပြောလိုကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ထိုကဲ့သို့သောကိစ္စမျိုး အမ်းအနီးအနားမှ ရွာတစ်ရွာနှင့်ပတ်သက်၍ မေးမြန်းဖူးကြောင်း၊ ယင်းရွာနှင့်ပတ်သက်ပြီး မည်သို့နစ်နာနေကြောင်း၊ ရွာသားများနစ်နာနေကြောင်း၊ ယင်းနှင့်ပတ်သက်၍ အမှန်တကယ် မြေပြင်တွင် စုံစမ်းသည့်အခါ မြေပြင်တွင် သက်သေအထောက်အထားအရ ၂၀၀၇ ခုနှစ်ကတည်းက ထိုရွာသည် မြေပြိုသဖြင့် ပြောင်းသွားကြကြောင်း၊ ထိုပြောင်းသွားသည့်နေရာကို တိုင်းစစ်ဌာနချုပ်ကရောက်သည့်အခါ စစ်မှုထမ်းများကို နေရာချသည့်အချိန်တွင် စစ်မှုထမ်းဟောင်းများသည် ယင်းမြေပြိုသွားသည့် နေရာကို ၎င်းတို့ကနေရာယူကြောင်း၊ စစ်မှုထမ်းဟောင်းများ ရောက်လာပြီး လမ်းပေါက်သည့်အချိန်မှ တချို့ရွာသားများက ပြန်ရောက်လာသည်ကို သိရကြောင်း၊ ယခုမိမိပြောလိုသည်မှာ ယင်းကိစ္စနှင့်ပတ်သက်၍ စာထပ်တင်ပါဟုပြောလိုကြောင်း၊ တချို့ကိစ္စများသည် ပုဂ္ဂလိကပိုင်းဆိုင်ရာနှင့် ဌာနပိုင်းဆိုင်ရာထိခိုက်နိုင်ကြောင်း၊ ထိုကိစ္စများသည်မှန်၊ မမှန်ဆိုသည်ကို မိမိတို့အောက်ခြေအထိ လိုက်ပြီးမှသာ သိရမည်ဖြစ်ကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲကို ပြည်သူလူထုတစ်ရပ်လုံး ကြည့်ခြင်းဖြစ်၍ စွပ်စွဲခံရသူနှင့် စွပ်စွဲသူဘက်မှ မျှတရန်လိုကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲကို တချို့ပြည်သူများနားထောင်နေခြင်းကြောင့် ထိုကိစ္စသည် ဖြစ်နိုင်၊ မဖြစ်နိုင် ဆင်ခြင်သည်ထက် လူသည်အကြားနှစ်ခုကြားသည့်အခါ ဦးနှောက်နှင့် ဆုံးဖြတ်ခြင်းထက် နှလုံးသားနှင့် ခံစားတာများကြောင်း၊

စာမျက်နှာ ၁၁ သို့ *

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ဖ အုပ် သို့မဟုတ် ဖ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများ စာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ် ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ဖ အုပ် သို့မဟုတ် ဖ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှ စ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

* စာမျက်နှာ ၁၀ မှ

**စက်သုံးဆီ ပြည်တွင်းလိုအပ်မှုပြတ်လပ်မှုမရှိစေရေး ကော်မတီများအနေဖြင့် တင်သွင်း / ဖြန့်ဖြူး / ရောင်းချမှုကို မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်း / ရောင်းချ / ဖြန့်ဖြူးရေးအသင်းနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းလိုအပ်ချက်၏ ရက်ပေါင်းများစွာအတွက် နိုင်ငံတော်အရန်ဆီ သိုလှောင်ထားရှိကြောင်း၊ ဖြန့်ဖြူးနိုင်ကြောင်း၊ ဈေးနှုန်းပိုင်းတွင် ပြည်တွင်းသုံးစွဲမှု၏ ၉၀ ရာခိုင်နှုန်းကျော်သည် ပြည်ပက တင်သွင်းရကြောင်း၊ ကမ္ဘာ့ရေနံဈေး၊ ကမ္ဘာ့ဆီဈေးအပြောင်းအလဲအပေါ်တွင် မိမိတို့ ပြည်တွင်းဈေးနှုန်းရိုက်ခတ်မှုရှိ**

နှလုံးသားနှင့် ခံစားတာများသောကြောင့် "မတရားဘူး" ဒါကတော့ ဖြစ်နိုင်တယ်ဆို၍ ဖြစ်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် Live လွှင့်ပြီး ပြော၍ရတိုင်း အခွင့်အရေးကို အသုံးမချသင့်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Public Press မှ အယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က မိမိတို့သတင်းစာရှင်းလင်းပွဲတွင် တင်ပြသည့်အခါ တချို့ဝန်ကြီးဌာနများက အရေးတယူဆောင်ရွက်ခြင်းများရှိကြောင်း၊ ပြီးခဲ့သည့်အပတ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဝန်ကြီးကိုယ်တိုင် ချက်ချင်းချိတ်ဆက်ပြီး လျင်လျင်မြန်မြန် ဆောင်ရွက်ပေးကြောင်း၊ တချို့ဌာနများသည် တင်ပြစာတင်သော်လည်း မည်သို့မျှ တုံ့ပြန်ခြင်းမျိုး မရှိကြောင်း၊ သတင်းစာရှင်းလင်းပွဲတွင် တင်ပြချက်များနှင့် ပတ်သက်၍ ဝန်ကြီးဌာနများအားလုံးက အလေးပေးဆောင်ရွက်မှု ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယင်းကိစ္စသည် ဝန်ကြီးဌာန၏ လုပ်ဆောင်ရသည့် အလုပ်၊ ဦးစားပေးလုပ်ငန်းများ ပါ၊ မပါအပေါ် မူတည်လိမ့်မည်ဖြစ်ကြောင်း ဖြေကြားသည်။

**အထူးဟစ်တိုင်မှ သတင်းထောက် ဦးတင်နိုင်ထွန်း**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခုလက်ရှိ နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းရေးနှင့် ပညာရေး၊ စီးပွားရေးပါမကျန် အစစအရာရာ လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ သို့သော် အောက်ခြေအုပ်ချုပ်ရေးအဖွဲ့တွင် ဖြစ်ချင်တိုင်းဖြစ်နေကြောင်း၊ တစ်ဆိတ်ရှိရင် တပ်ကိုတိုင်လိုက်မည် စသည်ဖြင့် နေရာတကာတပ်ကို အားကိုးပြီး လုပ်ချင်တိုင်းလုပ်နေကြောင်း၊ ပြည်သူများကို မောက်မောက်မာမာဖြင့် ဆက်ဆံကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းတွင် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက ပြည်သူများကို ၅၀၅ တပ်ပြီး ဖမ်းဆီးကာ ပိုက်ဆံများတောင်းကြောင်း၊ ပိုက်ဆံများတောင်းပြီး ပြန်လွှတ်ကြောင်း၊ ယင်းသို့ လုပ်သည်များကို ပြည်သူများကမသိကြောင်း၊ နားလည်သူများက သက်ဆိုင်ရာကို အကြောင်းကြားပြီး တပ်ကိုသတင်းပို့သည့်အခါ လက်ရှိတွင် သက်ဆိုင်ရာက ဖမ်းဆီးထိန်းသိမ်းပြီး အရေးယူဆောင်ရွက်ထားရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်ရှိအောက်ခြေတွင် ဖြစ်ပေါ်နေသည့် အဖြစ်အပျက်များကို မည်ကဲ့သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းကိစ္စသည် မည်သည့်နေရာတွင်ဖြစ်ကြောင်း ပြန်လည်မေးမြန်းရာ အထူးဟစ်တိုင် သတင်းထောက် ဦးတင်နိုင်ထွန်းက လက်ရှိဖြစ်နေသည်မှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်တွင်ဖြစ်ကြောင်း၊ လက်ရှိတွင် ဖမ်းဆီးထိန်းသိမ်းထားပြီး အရေးယူဆောင်ရွက်ထားကြောင်း ပြန်လည်ဖြေကြားသည်။

**သက်သေအထောက်အထားခိုင်လုံစွာဖြင့် တိုင်နိုင်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်ကို တိုင်ပါဟု ပြောလိုကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရှိလျှင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို တိုင်နိုင်ကြောင်း၊ ယင်းသို့တိုင်သည့်နေရာတွင် လူကိုယ်တိုင်သွားပြီးတိုင်ရန်မဟုတ်ကြောင်း၊ ၎င်းတို့၏ ဝက်ဘ်ဆိုက်ကိုလည်း ဖွင့်ထားပြီးဖြစ်ကြောင်း၊ မည်သို့တိုင်ရမည်ကိုလည်း ပြောထားပြီးဖြစ်ကြောင်း၊ အချက်အလက်များထည့်ပြီး တိုင်နိုင်ကြောင်း၊ တခြားကိုလည်းတိုင်ချင်ပါက သက်သေအထောက်အထားခိုင်လုံစွာဖြင့် တိုင်နိုင်ကြောင်း ပြန်လည်ဖြေကြားသည်။

**အထူးဟစ်တိုင်သတင်းဌာနမှ သတင်းထောက် ဒေါ်ခင်မီမီသက်**က လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အဂတိမှုများ၊ မတရားမှုများ စစ်ဆေးဆောင်ရွက်နေသည်ကို တွေ့မြင်သိရှိရကြောင်း၊ သို့သော် ယခုလက်ရှိအွန်လိုင်းပေါ်တွင် တွေ့ရှိနေရသည့် သတင်းတစ်ခုအနေဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ခုနစ်မိုင် ချမ်းသာကျေးရွာ မိသားစုများ၏ ဆိုင်ခန်း ၆၁ ခန်းကိစ္စနှင့်ပတ်သက်ပြီး တိုင်ကြားစာများအပေါ် စစ်ဆေးဆောင်ရွက်ခြင်းမရှိဘူးဟု တွေ့ရှိရကြောင်း၊ အလားတူအဖြစ်မျိုးကိုလည်း နေရာဒေသအများအပြားတွင် တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် သက်ဆိုင်ရာဝန်ကြီးများအနေဖြင့် ပြည်သူများ၏တိုင်ကြားစာများအပေါ် အောက်ခြေမှစစ်ဆေးတင်ပြချက်များကိုသာ စစ်ဆေးခြင်းမပြုဘဲ အောက်ခြေအထိ ကွင်းဆင်းစစ်ဆေးခြင်း ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အစိုးရ၏အုပ်ချုပ်မှုယန္တရားများအနေဖြင့် အဆင့်ဆင့် အုပ်ချုပ်ရသည်ဖြစ်ကြောင်း၊ အထူးအရေးကြီးသည့်ကိစ္စဆိုလျှင် အထူးအရေးကြီးသည့်အလျောက် စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လုပ်ထုံးလုပ်နည်းဘောင်ကိုကျော်ပြီး လုပ်စရာအကြောင်းမရှိဟုပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Top Phoenix Agency မှ သတင်းထောက် ဦးမင်းထွဋ်ဦး**က စက်သုံးဆီဈေးနှုန်း မတည်မငြိမ်ဖြစ်နေသည်မှာ စက်သုံးဆီပြတ်လပ်မှုကြောင့်ဖြစ်ကြောင်း၊ ယမန်နေ့က ရန်ကုန်တွင် ဈေးနှုန်းတချို့ရှိကြောင်း၊ ယနေ့ဈေးနှုန်း တစ်လီတာကို ၃၅ ကျပ်အထိ ကွာသွားခြင်းရှိပါကြောင်း၊ စက်သုံးဆီဆိုင်အချို့ပိတ်နေပါကြောင်း၊ ဒီဇယ်မှအပ 92/ 95 ပြတ်လပ်နေသဖြင့် မရောင်းချနိုင်ဟုဆိုပါကြောင်း၊ ယနေ့ ၁၂ နာရီက လှိုင်သာယာက Denko ဆီဆိုင်ကို မိမိတို့အဖွဲ့များ ဆီသွားထည့်သည့်အခါတွင် ယနေ့ ဈေးနှုန်းအခြေအနေနှင့် မနက်ဖြန်တွင်လည်း ထပ်တက်မည်ဟု သိရကြောင်း၊ အောက်ခြေတွင် ဆိုင်များပိတ်နေသည်ကို ကော်မတီဖွဲ့ထားသည့်အဖွဲ့များ အောက်ခြေအထိ ဆင်းပြီး ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှု မည်သို့ဆောင်ရွက်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယမန်နေ့က ဖြစ်ပျက်သည်များကို ရန်ကုန်က မိမိတို့ထံ ပြောခြင်းများရှိကြောင်း၊ တချို့ခတ်ပုံရိုက်ပြကြောင်း၊ တချို့ဆိုင်များသည် ဆိုင်းဘုတ်များ ရေးထားသည်များရှိကြောင်း၊ မည်သည့်ဆီမျှ မရတော့ပါဟု မိမိတို့တွေ့ကြောင်း၊ မိမိတို့စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**အရန်ဆီ သိုလှောင်ထား**

**စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က စက်သုံးဆီကဏ္ဍနှင့်ပတ်သက်၍ နှစ်ပိုင်းရှိကြောင်း၊ စက်သုံးဆီပြတ်လပ်မှုနှင့် စက်သုံးဆီဈေးနှုန်းဖြစ်ကြောင်း၊ စက်သုံးဆီ ပြည်တွင်းလိုအပ်မှုပြတ်လပ်မှုမရှိစေရေး ကော်မတီများအနေဖြင့် တင်သွင်း/ ဖြန့်ဖြူး/ရောင်းချမှုကို မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်း/ရောင်းချ/ ဖြန့်ဖြူးရေးအသင်းနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းလိုအပ်ချက်၏ ရက်ပေါင်းများစွာအတွက် နိုင်ငံတော် အရန်ဆီ သိုလှောင်ထားရှိကြောင်း၊ ဖြန့်ဖြူးနိုင်ကြောင်း၊ ဈေးနှုန်းပိုင်းတွင် ပြည်တွင်းသုံးစွဲမှု၏ ၉၀ ရာခိုင်နှုန်းကျော်သည် ပြည်ပကတင်သွင်းရကြောင်း၊ ကမ္ဘာ့ရေနံဈေး၊ ကမ္ဘာ့ဆီဈေး အပြောင်းအလဲအပေါ်တွင် မိမိတို့ ပြည်တွင်းဈေးနှုန်းရိုက်ခတ်မှုရှိကြောင်း၊ ယခုရက်ပိုင်းအတွင်းတွင် ကမ္ဘာ့ရေနံဈေး၊ ကမ္ဘာ့ဆီဈေး တော်တော်ပြောင်းလဲကြောင်း၊ ပြီးခဲ့သည့် မေ ၁ ရက်မှ မေ ၁၉ ရက်အထိ ဆီတစ်စည်ကို ဒေါ်လာ ၂၀ ကျော် တက်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း တက်သည့်ဈေးပေါ်တွင် လုပ်ငန်းရှင်များ ဈေးကစားခြင်းမရှိအောင် ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီဈေး၊ လက်ကားဈေးများကို သတင်းစာများတွင် နေ့စဉ်ကြေညာပေးနေကြောင်း၊ ဝယ်ယူသုံးစွဲရာတွင် အဆင်မပြေပါက တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ ထည့်ထားကြောင်း၊ မိမိတို့ကော်မတီများအနေဖြင့် ထိုသို့ဆောင်ရွက်နေကြောင်း ဖြည့်စွက်ဖြေကြားသည်။

ဆက်လက်၍ **Top Phoenix Agency မှ သတင်းထောက် ဦးမင်းထွဋ်ဦး**က စက်သုံးဆီများ ဝယ်ယူဖြန့်ဖြူးရေးကို အုပ်စုတစ်စုတည်းကကြီးစိုးပြီး တင်သွင်းနေ၍သာ ဆီဈေးများ မတည်မငြိမ်ဖြစ်ရကြောင်း၊ အကယ်၍ အလားတူ ကုမ္ပဏီအသင်းအဖွဲ့များကို ယှဉ်ပြိုင်၍ ဈေးပြိုင်စနစ်ဖြင့်သွင်းမည်ဆိုပါက ဆီဈေးကျနိုင်သည်ဟုဆိုကြကြောင်း၊ ထိုအခြေအနေကို မည်သို့ဆောင်ရွက်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က သတင်းထောက်ကြီးပြောသကဲ့သို့ အသင်းအဖွဲ့ဆိုသည်မှာ အဆိုပါလုပ်ငန်းလုပ်သူအားလုံးသည် အဆိုပါအသင်းအဖွဲ့တွင် ပါဝင်ကြောင်း၊ တင်သွင်းနေသည့် လုပ်ငန်းရှင်များစွာရှိကြောင်း၊ သင်္ဘောတစ်စင်းကို လုပ်ငန်းရှင်သုံးလေးဦးစပ်၊ သင်္ဘောတစ်စင်းကို တစ်ဦးတည်းတင်သွင်းကြကြောင်း၊ ဈေးကစားမှုမရှိအောင် ကော်မတီအနေဖြင့် ဆောင်ရွက်နေကြောင်း ပြန်လည်ဖြေကြားသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၂ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၂၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၇၆,၉၆၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၂၈၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၂၆၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်မြှင့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်မြှင့်ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်မြှင့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်မြှင့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၇၄) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၉) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၁၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၃၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၉၀၁) ခု | (၅) ဦး |
| **စုစုပေါင်း** | **(၈,၉၂၁) ခု** | **(၂၀) ဦး** |

အကြိမ်မြှင့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **www. moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၅၅၇၀၇၅၅ | ၈၁၉၃၇၄၀၆ | ၁၀၃၀၇၇၅ |
| ၂။ | အိန္ဒိယ | ၄၃၁၄၇၅၃၀ | ၄၂၆၀၇၁၇၇ | ၅၂၄၅၃၉ |
| ၃။ | ဘရာဇီး | ၃၀၈၈၀၅၁၂ | ၂၉၉၁၇၂၇၁ | ၆၆၆၂၄၈ |
| ၄။ | ပြင်သစ် | ၂၉၄၃၄၆၀၅ | ၂၈၇၄၂၀၅၅ | ၁၄၈၀၈၄ |
| ၅။ | ဂျာမနီ | ၂၆၂၃၉၆၄၁ | ၂၅၀၈၆၃၀၀ | ၁၃၉၁၁၅ |
| ၆။ | ဗြိတိန် | ၂၂၂၇၆၉၇၅ | ၂၁၈၈၅၁၄၇ | ၁၇၈၃၁၃ |
| ၇။ | ရုရှား | ၁၈၃၁၅၂၉၂ | ၁၇၇၁၉၅၉၆ | ၃၇၈၇၈၄ |
| ၈။ | တောင်ကိုရီးယား | ၁၈၀၅၃၂၈၇ | ၁၇၅၄၀၉၃၆ | ၂၄၁၀၃ |
| ၉။ | အီတလီ | ၁၇၃၃၃၂၉၉ | ၁၆၄၁၁၉၅၃ | ၁၆၆၃၅၈ |
| ၁၀။ | တူရကီ | ၁၅၀၆၇၀၇၇ | ၁၄၉၆၄၇၀၉ | ၉၈၉၄၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၁၅၂၄၇ | ၉၄၃၁၄၅၀ | ၄၃၀၇၈ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၃၈၉၄ | ၅၈၉၄၃၈၀ | ၁၅၆၅၆၅ |
| ၃။ | မလေးရှား | ၄၄၉၉၀၅၇ | ၄၄၃၈၂၁၂ | ၃၅၆၅၆ |
| ၄။ | ထိုင်း | ၄၄၃၄၅၁၁ | ၄၃၅၈၃၉၆ | ၂၉၉၁၃ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၉၈၆၅ | ၃၆၂၆၉၈၈ | ၆၀၄၅၅ |
| ၆။ | စင်ကာပူ | ၁၂၈၆၂၁၆ | ၁၂၀၃၀၃၀ | ၁၃၈၂ |
| ၇။ | မြန်မာ | ၆၁၃၂၈၀ | ၅၉၂၂၆၁ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၉၂၂ | ၂၀၈၃၄၄ | ၇၅၆ |
| ၉။ | ဘရူနိုင်း | ၁၄၇၆၆၇ | ၁၄၅၉၁၆ | ၂၂၃ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၁ | ၃၀၅၆ |

## မှော်ဘီမြို့နယ်၌ ခေတ်မီစံပြကျေးရွာဆောင်ရွက်မည့်ကျေးရွာသို့ ကွင်းဆင်းစစ်ဆေး

**မှော်ဘီ မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ခေတ်မီစံပြကျေးရွာအဖြစ် ဆောက်ရွက်သွားမည့် အမောက်ဝဲကျေးရွာသို့ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ခေတ်မီစံပြကျေးရွာဆောင်ရွက်မည့် မှော်ဘီမြို့နယ် အမောက်ဝဲကျေးရွာရှိ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းအကြောင်းအရာတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြကာ ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဌာနမှပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းမှာကြားခဲ့သည်။

ဆက်လက်၍ နှောကုန်းကျေးရွာသို့ သွားရောက်ကာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများနှင့် စာရင်းဇယားများကိုလည်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# အသားဓာတ်များပေါ်တွင် အခြေခံပြီးထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဂျပန်နိုင်ငံ၌ စတင်ထိုးနှံ




**ကျိုတို မေ ၂၇**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဆေးရုံတစ်ရုံ၌ အမေရိကန်ဆေးဝါးကုမ္ပဏီ Novavax မှ ထုတ်လုပ်သော အသားဓာတ်များပေါ်တွင် အခြေခံပြီးထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို စတင်အသုံးပြုလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ကာကွယ်ဆေးသည် ဂျပန်နိုင်ငံအတွင်း၌ လေးခုမြောက်သုံးစွဲခွင့် အတည်ပြုသည့် ကာကွယ်ဆေးဖြစ်သည်။ ယင်းကာကွယ်ဆေးသည် အသားဓာတ်များပေါ်တွင် အခြေခံပြီးထုတ်လုပ်ထားသည့်အတွက် Pfizer နှင့် Moderna ကဲ့သို့ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများနှင့် ဓာတ်မတည့်သူများအတွက် အလွန်အသုံးတည့်မည်ဖြစ်သည်။

**စောင့်ကြည့်သွားမည်**

လက်ရှိတွင် ပြည်သူ ၅၀၀ အား အဆိုပါ Novavax ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးသွားမည်ဖြစ်ပြီး ဆေးထိုးနှံမှုခံယူပြီးနောက် ၎င်းတို့၏ ကိုယ်အပူချိန်နှင့် ဖြစ်ပေါ်လာနိုင်သည့် အခြားသောလက္ခဏာများကို စောင့်ကြည့်သွားမည်ဖြစ်ကြောင်း အဆိုပါဆေးရုံမှ တာဝန်ရှိသူများက ဆိုသည်။

ဇူလိုင်လနှောင်းပိုင်းတွင် အဆိုပါကာကွယ်ဆေးအလုံးရေ ငါးသန်းခန့်ကို နိုင်ငံအတွင်းရှိ ခရိုင်အသီးသီးသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်



# အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေကြီးရေလျှံမှုများကြောင့် ဒေသခံ ငါးသိန်းခန့် ထိခိုက်ခံစားနေရ

**နယူးဒေလီ မေ ၂၇**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ်ဖြစ်သည့် အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ဒေသခံ ငါးသိန်းခန့်သည် အဆိုပါသဘာဝဘေးကြောင့် ထိခိုက်ခံစားခဲ့ရကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အဆိုပါ ရေကြီးရေလျှံမှုများကြောင့် လက်ရှိအချိန်အထိ လူ ၃၀ သေဆုံးခဲ့ကြောင်းလည်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုဒဏ်ကို အာသံပြည်နယ်အတွင်း ခရိုင် ၁၂ ခုရှိ ဒေသခံများခံစားခဲ့ရကြောင်း အာသံပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့မှ ပြောကြားသည်။

လက်ရှိအချိန်တွင် အာသံပြည်နယ် ခရိုင်များအတွင်းရှိ ကျေးရွာ ၉၅၆ ရွာအား ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ပြီး သီးနှံစိုက်ပျိုးမြေ ၄၇၁၃၉ ဒသမ ၁၂ ဟက်တာပျက်စီးဆုံးရှုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လက်ရှိအချိန်တွင် ခရိုင်ခြောက်ခု၌ ကယ်ဆယ်ရေးစခန်း ၃၆၅ ခုကို ဖွင့်လှစ်ထားရှိပြီး ဒုက္ခသည် ၆၆၈၃၆ ဦး ခိုလှုံလျက်ရှိကြောင်း သိရသည်။ အာသံပြည်နယ်တွင် မုတ်သုံရာသီ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၁၂၅ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၂၇**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၁၂၅ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၀၅၃၂၈၇ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း မတ်လလယ်က အိုမီခရွန်ဗီဇပြောင်းမျိုးကွဲကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာခဲ့ရာမှ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ စနစ်ကျစွာဆောင်ရွက်နိုင်ခဲ့သဖြင့် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်ကျဆင်းခဲ့သည်။

လက်ရှိအချိန်၌ ပြည်ပမှပြန်လည်ရောက်ရှိလာသူ ၃၂၆၆၄ ဦး၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၁၀၃ ဦးရှိသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူ ၈၆ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး အပိုဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးသူ ၆၄ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၃၉ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း မေ ၂၇**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၃၉ ဦး ထပ်မံတွေ့ရှိပြီး အဆိုပါအရေအတွက်သည် မေ ၂၆ ရက်က တွေ့ရှိမှုထက် ၃၆ ဦး လျော့နည်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။



**ဒေသတွင်းကူးစက်ခံရသူများဖြစ်**

ရောဂါကူးစက်ခံရသူအားလုံးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်သည်။ မြို့တော်ဟနွိုင်းမှ ၂၉၇ ဦး၊ ဗင်ဖူခရိုင်မှ ၈၆ ဦးနှင့် ဖူသိုခရိုင်မှ ၆၃ ဦးတို့အား အသီးသီးတွေ့ရှိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၇၁၅၂၄၇ ဦးရှိပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၇၈ ဦးရှိကြောင်း သိရသည်။ သို့သော် ၉၄၃၁၄၅၀ (ရောဂါကူးစက်ခံရသူများ၏ ၈၈ ရာခိုင်နှုန်း)သည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၂၂၀ ဒသမ ၄ သန်းနီးပါး သုံးစွဲပြီးဖြစ်ပြီး ယင်းတို့အနက် ၁၉၉ သန်းအား အသက် ၁၈နှစ်နှင့် အထက်ပြည်သူများအား ထိုးနှံပေးပြီးဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ် ဧပြီလမှစပြီး ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်းကူးစက်မှုကို ရင်ဆိုင်ဖြတ်သန်းနေရပြီး လက်ရှိအချိန်အထိ ဒေသတွင်း ကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၇ သန်းနီးပါးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

# တရုတ်နိုင်ငံ၌ စိုက်ပျိုးရေးထုတ်ကုန်များ ထိန်းသိမ်းထားရှိရန် အအေးခန်း နည်းပညာ အဆင့်မြှင့်တင်မည်

**ပေကျင်း မေ ၂၇**

တရုတ်နိုင်ငံသည် စိုက်ပျိုးရေးထုတ်ကုန်များကို ထိန်းသိမ်းထားရှိနိုင်ရန်အတွက် အအေးခန်းနည်းပညာကိုအဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး ၎င်းကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်အတွင်း ကုန်ပစ္စည်းအချိန်မီရောက်ရှိနိုင်မှု အားကောင်းလာစေရန် ဆောင်ရွက်ခြင်းလည်းဖြစ်သည်။

စိုက်ပျိုးရေးထုတ်ကုန်များ သိုလှောင်သိမ်းဆည်းထားရှိရန်အတွက် အအေးခန်းနည်းပညာဆိုင်ရာအရင်းအမြစ်များကို မြှင့်တင်ခြင်းဖြင့် လာမည့်နှစ်နှစ်အတွင်း အအေးခန်းဖြင့်တင်ပို့မည့်ကုန်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော်ပြီး ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ ၎င်းဝန်ကြီးဌာနများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ ကုန်ပစ္စည်းဖြန့်ဖြူးရာစင်တာများနှင့် ရောင်းချရေးစင်တာများ၏ အအေးခန်းနည်းပညာဆိုင်ရာ အရင်းအမြစ်များကို အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံရှိ ပြည်နယ်အစိုးရများသည်လည်း ဗဟိုအစိုးရမှ ထောက်ပံ့သောငွေကြေးများအား ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်စီးပွားရေးထိခိုက်ခဲ့ရသည့် စိုက်ပျိုးရေးထုတ်ကုန်ဆိုင်ရာ အအေးခန်းကုမ္ပဏီများအား ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ဘားအံမြို့နယ်၌ ငွေကျပ် ၅ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၇

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၁၆ ဘီလီယံ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း)များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၁၅ ရက် ညနေ ၅ နာရီခွဲတွင် ဘားအံမြို့နယ် ရန်ကုန်-မြဝတီသွားကားလမ်း၊ တရုတ်လှ ကျေးရွာအနီးတွင် သထုံမှ မြဝတီဘက်သို့ ကျော်ဇေယျာ မောင်းနှင်ပြီး ဆန်းဝင်းကျော် လိုက်ပါလာသည့် Alphard မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလ တန်ဖိုးငွေကျပ် ၅ ဒသမ ၁၆ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၅ ကီလိုနှင့် ကတ်တမင်း ၁ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ မေ ၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၇၈ လမ်းရှိ ဟိုတယ်တွင် မူးယစ်ဆေးဝါးများတာဝန်ခံသယ်ဆောင်သူ ထွန်းလင်းအောင်ကို ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် လိုင်စင်မဲ့ဆိုင်ကယ် သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ် ထန်းတပင်-သီတာအေးလမ်း တိုးဂိတ်အနီး၌ တရားမဝင် ကျွန်းတံခါးချပ်နှင့် ကျွန်းတံခါးချပ်အပိုင်းအစများ သုည ဒသမ ၉၄၂၈ တန် **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၂၄၈)**နှင့် အဆိုပါ သစ်များတင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀)စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၂၂၄၈ သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေး စခန်း၌ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

အလားတူ မေ ၂၆ ရက် တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား သုည ဒသမ ၄၃၂၀ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၆၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကားတာယာများနှင့် ဆပ်ပြာမှုန့်ထုပ်များ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၉၀၀၀)** သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သောအဖွဲ့က ယင်းမာပင်မြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ သစ်တောဦးစီးဌာန ဦးဆောင်သောအဖွဲ့က စစ်ကိုင်းမြို့နယ်အတွင်း တရားမဝင် ပိတောက်ခွဲသား ၉ ဒသမ ၅၆၇၀ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၁၄၂၂၀)**ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေ ကျပ် ၆၄၆၄၂၂၀** ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၅ ရက်၊၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု**(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၅၀၆၈)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြဝတီမြို့၌ အများပြည်သူစားသုံးရန်မသင့်သော စားသောက်ကုန်ဘီယာနှင့်ယားနာလိမ်းဆေးများဖျက်ဆီး

မြဝတီ မေ ၂၇

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် အများပြည်သူများ ဘေးအန္တရာယ်ဖြစ်စေပြီး စားသုံးရန်မသင့်သော စားသောက်ကုန် ဘီယာများနှင့် ယားနာလိမ်းဆေးများအား ဖျက်ဆီးဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားဝင်းအတွင်းCargoဘက်ခြမ်း၌ လမ်းကြိတ်စက်ယာဉ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါပြည်သူများစားသုံးရန်မသင့်သည့် စားသောက်ကုန်ဘီယာနှင့်ယားနာလိမ်းဆေးများ ဖျက်ဆီးဆောင်ရွက်ရာတွင် မြဝတီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်ချမ်းငြိမ်းဦးဆောင်၍ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးစောသန်းအောင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်း၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇင်သူ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းသီဟ၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစောဝင်းနောင်တို့က စားသောက်ကုန်များဖျက်ဆီးရာတွင် ကြီးကြပ်ဆောင်ရွက်ပေးသည်။ ထိုသို့ဖျက်ဆီးရာတွင် ငွေကျပ် ၂၂၈၆၀၀၀၀ တန်ဖိုးရှိ ဘီယာများနှင့် ယားနာလိမ်းဆေးများ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၅-၂၀၂၂ စနေနေ့

### MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှ်ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
၀၉:၃၀ သယံဇာတနှင့်တို့ဝန်းကျင် ထိန်းသိမ်းကြစို့ထာဝစဉ်
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
၁၃:၃၀ MRTV National News
၁၅:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ကျေးရွာကြီးလုပ်မိနှင့်ပ'
၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ်
၁၆:၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၁၅ ရှုလေမြင်လေကမ္ဘာမြေ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတဝေဖြာသီရိဂေဟာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ရှုထောက်ချက်' (အပိုင်း-၉၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ (၃၀)ဖြာမင်္ဂလာ (ဦးနန္ဒဝင်းရေးသားပူဇော်တင်ဆက်သည်) 'ဖြူစွာရိယဥ' နှင့် 'ပုဗ္ဗေစကတပုညတာ'
၂၁:၄၅ ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း

### mitv

07:02 Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
07:09 Weekly Review
07:24 Let's Taste Delicious Insects
07:36 Myanmar Masterclass: Artist Pann Kyi
07:47 Myanmar Family Life: Everyone has Own Hobbies
08:00 Quiz Time (Ep-15)
09:01 News
09:27 Global Partnership for Brighter Future: Mozambique Pavilion at Expo 2020 Dubai
09:33 Welcome to the Southern most part of Myanmar
09:34 Rakhine Traditional Wedding Ceremony
10:02 Wet Markets of Yangon: Thirimingalar Market

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကျွန်းမာစေတဲ့ပင်းကွတ်သီး
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ
**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
စပျစ်ပင်စိုက်ပျိုးနည်း
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ထောပတ်သီးကြက်ဥလိပ်နှင့် ထောပတ်သီးကြက်ဥပေါင်း
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ရိုးရာတူရိယာ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ပြည်မှသဘာဝအလှများ
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ကိုးကန့်ရိုးရာအစားအစာ
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ရိုးရာဝါးလက်မှုပညာအမွေ
**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ရဲသောင်ချောင်း

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၁၅ အိုလံပစ်အားကစားပွဲတော်
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၏ကြေညာချက်သတင်းများ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀ မြန်မာ့ဆီအိုးထဲမှ နှမ်း
၀၇:၀၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
၀၈:၀၀ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
၀၈:၁၅ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း
၀၈:၄၅ အဝါရောင်မိုဇေ့ရောဂါတိုက်ဖျက်ရေး အတွက်ခြေလှမ်းများ
၀၈:၂၀ စီပင်ခြံမှုစပ်မျိုးနေကြာတောင်သူ့အကျိုးပါ

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း ) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၅ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၈၀ | ၂၅၄၀ |
| 95 Ron | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၄၀ | ၂၃၂၀ | ၂၄၁၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၅ | ၂၃၆၅ | ၂၃၇၀ | ၂၅၈၅ | ၂၆၉၀ |
| HSD (50 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၅ | ၂၄၆၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၁၅ | ၂၇၂၅ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၅ | ၂၄၆၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၁၅ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၁ | ၂၁၄၆ |
| 95 Ron | ၂၁၈၀ | ၂၂၅၈ |
| HSD (500 ppm) | ၂၁၇၈ | ၂၂၅၁ |
| HSD (50 ppm) | ၂၂၀၅ | ၂၂၇၉ |
| HSD (10 ppm) | ၂၂၀၅ | ၂၂၇၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုတို့အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပုဏ္ဏာစုရပ်ကွက်နေ ပိုင်စိုးဦး(ခ)ပိုင်ကြီးသည် ၎င်းအသုံးပြုသည့် "Paing Soe Oo" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကဘဲ့ရပ်ကွက်နေ ကျော်ဆန်းသည် ၎င်းအသုံးပြုသည့် "Kyaw San" Facebook အကောင့်နှင့် မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်နေ စိုးစိုးသည် ၎င်းအသုံးပြုသည့် "Soe Soe" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားတို့ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေး သေဆုံးမှုလျှော့ချနိုင်ရေး ဆန်းစစ်ဆွေးနွေး

**တောင်ငူ မေ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တောင်ငူအထွေထွေရောဂါကုဆေးရုံကြီးတို့ ပူးပေါင်း၍ ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေးငယ်များ သေဆုံးမှုလျှော့ချနိုင်ရေး ဆန်းစစ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးက ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များနှင့် ငါးနှစ်အောက်ကလေးငယ်များ သေဆုံးမှုလျှော့ချနိုင်ရေးအတွက် လုပ်ငန်းစဉ်အရပ်ရပ်ကိုရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ တောင်ငူခရိုင် ခြောက်မြို့နယ်အတွင်းရှိ မြို့နယ်၊ တိုက်နယ်၊ ကျေးလက်ကျန်းမာရေးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်**

# ကျောင်းကုန်းမြို့၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ကျောင်းကုန်း မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက အဘိတ်ဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြသည်။

ကျောင်းကုန်းမြို့နယ်ရှိ ကျောင်းပေါင်း ၁၉၇ ကျောင်း၌ ကျောင်းသားကျောင်းသူများ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးနှင့် ၄က်ဖျားရောဂါကင်းဝေးစေရေးတို့အတွက် ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် (၉) ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက် တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင်အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာ သင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများ အနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့် ကာလများကို လစာမဲ့ခွင့်အဖြစ်သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# စစ်ကိုင်းတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**စစ်ကိုင်း မေ ၂၇**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် စစ်ကိုင်းတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်ကျောင်းရှိ သလ္လာဝတီခန်းမ၌ ကျင်းပသည်။

**ဖွင့်လှစ်**

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း အလုံမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းသီဆို၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် စစ်ကိုင်းတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့အခမ်းအနားအား ဖွင့်လှစ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်တို့က ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ပုံနှိပ်စာအုပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်းနှင့် မုံရွာခရိုင် ပညာရေးမှူးတို့က ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များကို လည်းကောင်း၊ မုံရွာမြို့နယ် ပညာရေးမှူးနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့က ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများအား ကျောင်းသား ကျောင်းသူများထံ ပေးအပ်ကြသည်။



ဆက်လက်ပြီး အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း အလုံမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါကျောင်း၌ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ပျော်ရွှင်စွာကျောင်းအပ်နှံနေမှုများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ အခမဲ့ပေးအပ်နေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မန္တလေးမြို့၌ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်

**မန္တလေး မေ ၂၇**

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ပြီး ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားရာ ယမန်နေ့တွင် မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ကြသည်။

**ပေးအပ်**

ယမန်နေ့နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာ တာဝန်ကျဆရာ ဆရာမများက လာရောက်အပ်နှံကြသည့် ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံရေးအတွက် ကူညီဆောင်ရွက်ပေးကြပြီး၊ ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် ခဲတံများကို သက်ဆိုင်ရာ အတန်းအလိုက် စနစ်တကျ ပေးအပ်ကြသည်။

"ကျောင်းအပ်တဲ့ ကလေးတိုင်းကို နိုင်ငံတော်ကထောက်ပံ့တဲ့ ပုံနှိပ်စာအုပ်တွေ၊ ဗလာစာအုပ်တွေ၊ ဘောပင်နဲ့ ခဲတံတွေကို စနစ်တကျ ပေးအပ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ကျောင်းက မိဘဆရာအသင်းရဲ့ အစီအစဉ်နဲ့ ကျောင်းသားကတ်၊ ကျောင်းရဲ့ရင်ဘတ်တံဆိပ်၊ နှာခေါင်းစည်းနဲ့ မျက်နှာအကာတွေအပါအဝင် ပစ္စည်း ခုနစ်မျိုးကို အခမဲ့ ပံ့ပိုးပေးပါတယ်။ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဖို့အတွက် ကျောင်းမှာ ဆပ်ပြာတွေ၊ လက်သန့်ဆေးရည်တွေ ထားပေးထားပြီး ကျောင်းထဲကို နှာခေါင်းစည်း တပ်ပြီးမှ ဝင်ခိုင်းပါတယ်။ ဒီနှစ်မှာ ကျောင်းလာအပ်တဲ့ အခြေအနေက အားရကျေနပ်မှုရှိပါတယ်။ ကျောင်းအပ်လက်ခံတဲ့ပထမနေ့မှာပဲ စိတ်ဝင်တစားနဲ့ ကျောင်းထဲမှာ ကျောင်းလာအပ်တဲ့သူတွေနဲ့ ပြည့်နှက်နေတာတွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။ မအပ်ရသေးတဲ့ ကျောင်းသားတွေကိုလည်း ကျောင်းလာရောက်အပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက ပြောသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အတွက် ဆောင်ပုဒ်မှာ "ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့" ဖြစ်ပြီး ကျောင်းအပ်နှံရာတွင်လည်း မည်သည့် အခကြေးငွေမှ ကောက်ခံခြင်းမပြုဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရန် အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကိုလည်း အခမဲ့ ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျောင်းဝတ်စုံများကိုလည်း ပညာသင်နှစ်အတွင်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

**မျှော်လင့်နေ**

ယခုပညာသင်နှစ်တွင် Grade-11 သို့ တက်ရောက်မည့် ကျောင်းသူ မစန်းဝေဝေထက်ကလည်း "ဒီနှစ်မှာ Grade-11 ကို သင်ရိုးသစ်နဲ့စပြီး သင်ရမယ်ဆိုတဲ့အတွက် စနစ်သစ်ပညာရေးမှာ သင်ရမယ့် သင်ခန်းစာတွေအတွက် စိတ်ဝင်တစားနဲ့ မျှော်လင့်နေပါတယ်။ ပညာသင်ကြားခွင့်ဆိုတာက ငယ်ရွယ်တုန်းအချိန်မှာပဲရတာပါ။ အသက်အရွယ်ကြီးရင့်လာတာနဲ့အမျှ ပညာသင်ကြားလိုစိတ်ကလည်း လျော့နည်းလာတတ်ပါတယ်။ ဒါကြောင့် အချိန်ရတုန်းလေးမှာ ပညာသင်ကြားဖို့အတွက် ကျောင်းလာအပ်ကြဖို့ ဒီကျောင်းတော်ကြီးက ကြိုဆိုနေပါတယ်" ဟု ပြောသည်။



**လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ**

ထို့ပြင် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများနှင့် ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့်အညီ စာသင်ခုံများ စနစ်တကျ နေရာချထားခြင်း၊ စာသင်ချိန်များ စနစ်တကျ စီမံထားခြင်း၊ ကျောင်းဥပမိရပ်ကောင်းမွန်စေရေး၊ ကျောင်းအတွင်း အပြင်သန့်ရှင်းရေး၊ သင်ကြားရေးအတွက် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးထားခြင်းတို့ကိုလည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

■

# နေခြည်မှာရွှေရည်လောင်း ငါတို့စာသင်ကျောင်း

**ကျောင်းတော်သားတစ်ဦး**

**ရန်ကုန်မှာ မိုးဖြိုင်ဖြိုင်ရွာလေပြီ။ ခါတိုင်းဆို နေပူပူမိုးရွာရွာ ထီးဆောင်နေကျ။ ယနေ့မူ ကိုယ့်ရပ်ကွက်အနီးအနားမျှသာဖြစ်၍ ထီးယူမလာခဲ့မိ။ မိုးက သည်းလာသည်။ နီးစပ်ရာ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်အတွင်းသို့ ပြေးဝင်မိုးခိုရတော့သည်။**



နေ့ခင်းဘက်ဖြစ်၍ ဆိုင်အတွင်း လူကျဲသည်။ လက်ဖက်ရည်တစ်ခွက်မှာပြီး စားပွဲအလွတ်လေး တစ်ခုတွင်ထိုင်ရင်း မိုးအစဲကို စောင့်နေမိသည်။ မိုးကတော်တော်နှင့် မစဲနိုင်ပါ။ ရှေ့တူရူရာအရပ်မှ မူလတန်းကျောင်းလေးတစ်ကျောင်းက မြင်ကွင်း အတွင်း တိုးဝင်လာသည်။ ယခင်က အမှုမဲ့အမှတ်မဲ့။ ယခု စေ့စေ့စပ်စပ်ကြည့်လိုက်မိတော့ လေးဖက် လေးတန်အုတ်တံတိုင်းများ၊ ထပ်တိုးကျောင်းဆောင် သစ် အချို့မှလွဲ၍ ကျောင်းကလေး၏ ဥပဓိကား ဘာမျှ သိသိသာသာ ပြောင်းလဲမသွား။ ကိုယ်တွေ ငယ်စဉ်က စတင်ပညာသင်ကြားခဲ့ရာ စာသင်ဆောင် လေးကလည်း ပြကတေ့အတိုင်းပင်။

**ခေါင်းလောင်းသံချိုမြမြကို လွမ်းလာ**

ငယ်စဉ်ကကြားနေကျ ခေါင်းလောင်းသံချိုမြမြ ကို လွမ်းလာသည်။ "မင်္ဂလာပါ ဆရာမ၊ ကျေးဇူးတင် ပါတယ်ဆရာမ"။ ဝလုံးလေးကအစပြုပြီး ငယ်စဉ်က ကံ့ကူလက်လှည့် ပညာသင်ကြားပေးခဲ့ပါသော အတန်းပိုင်ဆရာမ၏ ရုပ်အသွင်က ဖျတ်ခနဲပေါ် လာသည်။ ဆရာမ၏နာမည်ကိုဖြင့် မမှတ်မိတော့။ သို့သော် ဆရာမသည် ချောသည်၊ ယဉ်သည်၊ လှသည်၊ ငယ်ရွယ်နုပျိုသည်။ လက်သံကတော့ အတော်ပြောင်ပါသည်။ လက်ခေါက်ဆစ်တို့သည် ယခုပင် တဆစ်ဆစ်နာသယောင်ယောင် ခံစားလာ မိသည်။ "နင့်မျက်လုံးတွေက စောင်းနေလား၊ စာလုံး တွေက ညီညီညာညာကို မရှိဘူး။ အပေါ်ရောက် လိုက်၊ အောက်ရောက်လိုက်နဲ့"ဟု ဆရာမ၏ ဆူပူ ကြိမ်းမောင်းဆိုဆုံးမသံများကိုလည်း ကြားယောင် လာမိသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအဖို့ လောက၌ မမေ့ကောင်းသောအကြောင်းအရာ ငါးမျိုးရှိသည်။

၁။ ရတနာသုံးပါးကို မမေ့ကောင်း၊
၂။ မိဘနှစ်ပါးကို မမေ့ကောင်း၊
၃။ မိမိအား စတင်ပညာသင်ကြားပေးသော ဆရာကို မမေ့ကောင်း၊
၄။ မိမိဒုက္ခရောက်စဉ်ကြည့်ရှုသော ကျေးဇူး ရှင်ကို မမေ့ကောင်း၊
၅။ မိမိချက်မြှုပ်ဒေသကို မမေ့ကောင်းဟု ရှေး လူကြီးများက ဆိုဆုံးမလေ့ရှိကြသည်။

ကျွန်တော်သည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်၍ မိမိအား စတင်ပညာသင်ကြားပေးသော ဆရာကို ယခုတိုင် မမေ့နိုင်ပါ။ နာမည်ကျော်စာရေးဆရာ သတင်းစာဆရာကြီးများဖြစ်ကြသည့် ဆရာကြီး သိန်းဖေမြင့်နှင့် ဆရာကြီးမောင်ထင်တို့ဆိုပါလျှင် ငယ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို စာတစ်စောင် ပေတစ်ဖွဲ့ပင် အမှတ်တရ ရေးဖွဲ့သီကုံးခဲ့ကြ ပါသည်။

ဆရာကြီးသိန်းဖေမြင့်က ၁၉၆၅ ခုနှစ် မတ်လ ၁၀ ရက်နေ့ထုတ် ဗိုလ်တထောင်သတင်းစာတွင် "ဆရာဟာရွှန်း ကွယ်လွန်ရှာပြီ"ခေါင်းစဉ်ဖြင့် ...

"ကျွန်တော်သည် အသက် ငါးဆယ်ကျော်လာ ခဲ့ပြီ။ ဆရာအမျိုးမျိုးလည်း တွေ့ဖူးကြုံဖူးခဲ့ပြီ။ သို့သော် ကျွန်တော့်ဆရာတွေကြားထဲမှ ဤဆရာ ဟာရွှန်းကိုကား ဘယ်တော့မျှမမေ့ပါ။ အခြားသော သူ့တပည့်များကလည်း ကျွန်တော့်လိုပင်ရှိကြလိမ့် မည်။ သို့သော် ထူးဆန်းသည်မှာ ဆရာဟာရွှန်းက သူ့တပည့်များအားလုံးကို မမေ့ခြင်းဖြစ်သည်။

**သော့နှင့် ဖွင့်ပေးလိုက်သူ**

ဆရာဟာရွှန်းသည် အထက်တန်းများအတွက် အင်္ဂလိပ်စာပြဆရာဖြစ်လေသည်။ သို့သော် လိုအပ် လာလျှင် အခြားဘာသာများကိုလည်း သင်ပေး ၏။ ကျွန်တော့်အဖို့ဆိုလျှင် ဆရာဟာရွှန်းသည် အောင်မြင်သောအင်္ဂလိပ်စာပြဆရာမျှသာမဟုတ်။ ကျွန်တော့်အား စာရေးဆရာဖြစ်အောင် အခြေခံ စာပေအတတ်ပညာကိုလက်ဦးပေးလိုက်သောဆရာ ဖြစ်ပေသည်။ ကျွန်တော့်ဦးနှောက်ထဲတွင် ကိန်း အောင်းနေသော အနုပညာစိတ်ဓာတ်ကို သော့နှင့် ဖွင့်ပေးလိုက်သူဖြစ်လေသည်။

ဆရာဟာရွှန်းသည် အင်္ဂလိပ်စာစီစာကုံး သင်ကြားပို့ချရင်း သလ္လာဝတီမြစ်၏ အလှအပကို ခြယ်မှုန်းပြသည်။ နေဝင်ဆည်းဆာအချိန်မှာ ကျောက်ဆောင်ပေါ်ထိုင်ရင်း တသွင်သွင်စီးဆင်း နေသောရေအလျဉ်ကို ကြည်နူးရသည့် သုခ၊ တသုန် သုန်တိုက်ခတ်လာသော လေပြည်လေညင်းကို ရှူရှိုက်ရသည့်အရသာ၊ နေဝင်ရာသို့ ဦးတည် ပျံသန်းနေသော ငှက်အုပ်ကြီးနှင့် စီးသွားရသည့် စိတ်ကူး။

ဆရာဟာရွှန်းသည် ကျွန်တော်တို့၏စိတ်ကူး ဉာဏ်ကို အဆန်းတကြယ် ကွန့်မြူးစေသည်။ ကျွန်တော်တို့၏ စိတ်ကူးများကို ပန်းကုံးသီသလို အစီအစဉ်ပြေပြစ်စွာ ကုံးတတ်၊ သီတတ်အောင် သင်ပြသည်။ ရှင်းလင်းလွယ်ကူသော စကားလုံး ကလေးများကို နေရာတကျသုံးပြီး တန်ဆာဆင်တတ် အောင် နည်းပေးသည်။

ဆရာဟာရွှန်းသည် ထူးချွန်သောကျောင်းဆရာ တစ်ဦးဖြစ်သည်သာမက ကျွန်တော်တို့ ကျောင်းပြင် ရောက်တော့လည်း ကိစ္စများစွာတွင် ကျွန်တော်တို့ ၏ ဘဝလမ်းညွှန်အဖြစ် ရပ်တည်နေခဲ့လေသည်" စသဖြင့် ငယ်ဆရာ၏ဂုဏ်ကျေးဇူးကို တခုတ်တရ ရေးသားဖော်ပြခဲ့သည်။

"ဘောဇ္ဇော၊ အိုအချင်းတို့။ ထေ၊ လာကြကုန် လော့။ ထိုမွန်မြတ်သောတရားကို နာကြကုန်အံ့။ ရှေးသရောအခါ မျောက်တစ်ကောင်သည် အင်္ဂလန်ကျွန်း၌ ကမြင်းကြောထ၍ နေလေသတတ်။ ထိုသရောခါ အင်းထဲမှ လိပ်တစ်ကောင်သည် ထို ကျွန်းပေါ်သို့ မျက်စိလည်လမ်းမှား၍တက်လာလေ သတည်း။ ထိုသည့်နေ့မှစ၍ ခေါင်းပေါ်တွင် ဗိုလ်ကေ ခွဲထားသောမျောက်သည် အင်းထဲကလိပ်နှင့် စုလျားရစ်ပတ် လက်ထပ်လေရာ အင်္ဂလိပ်ဟူသော သတ္တဝါသည် လောကကြီးထဲမှ ဗိုလ်ကေခွဲကာ ထွက်ပေါ်လာလေသတည်း။"

**မိုးခါးရေကို သောက်မိပေလိမ့်မည်**

ဆရာဦးဘိုးချိန်၏ကျေးဇူးကို ကျွန်တော်မမေ့ပါ။ ကျွန်တော်သည် ကလေးအရွယ်ပင် ဖြစ်ပါသော် လည်း ထိုမျှလောက်အဆီအငေါ် မတည့်သောနိုင်ငံ ရေးတရားမျိုးကို လက်မခံနိုင်ပါ။ သို့သော် ကလေး မျှသာဖြစ်၍ ထိုဝံသာနုတရားမျိုးကို ရှုတ်ချပါသည် ဟု ဆိုဝံ့သော သတ္တိမရှိပါ။ အကယ်၍သာလျှင် ထိုစဉ်က ဆရာသမားလုပ်သူတို့က ထိုတရားကို မှားမှားမှန်မှန် အောင့်အည်းသည်းခံ၍ နာယူစေမည် ဆိုပါက ကျွန်တော်၏စိတ်သည် ထိုတရားကို မည်မျှ လောက်ပင် လက်မခံဘူးဟုဆိုစေကာမူ အများနှင့် အတူ မိုးခါးရေကို သောက်မိပေလိမ့်မည်။ သို့ရာ တွင် ဆရာကြီးဦးဘိုးချိန်သည် ထိုမျှသိမ်ဖျင်းသော သမ္ဗပ္ပလာပဝါစာတို့ကို ဆက်လက်သည်းမခံနိုင် သဖြင့် "လူကလေးတို့၊ သိမ်ဖျင်းတဲ့စကားတွေ နားမထောင်ကြနဲ့၊ အိမ်ပြန်ကြ"ဟူ၍ ဩဝါဒ ပေးသောကြောင့် ကျွန်တော်တို့လည်း အိမ်သို့ပြန်ခဲ့ ကြလေသည်။

ကျေးဇူးပါပဲ ဆရာကြီးရယ်။ ဆရာကြီးသည် ထိုကဲ့သို့ ဩဝါဒမပေးလျှင် ကျွန်တော်တို့ စိတ်နုသူ ကလေးငယ်များသည် နောင်တစ်သက်လုံးအဖို့ သမ္ဗပ္ပလာပဝါစာနှင့် ဖရုသဝါစာကို ဝံသာနုတရား တော်ကြီးဟူ၍ မှတ်ထားကြရပေတော့မည်" စသဖြင့် ဆရာကြီး မောင်ထင်ကလည်း "ဗမာ့နိုင်ငံရေး သုခမိန်" စာအုပ်တွင် ဆရာ့ကျေးဇူးကို ဖော်ကျူး ရေးသားခဲ့ပါ၏။

"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ"နှင့်အညီ ပြည့်ဝသော ဆရာမြတ်တို့၏ ဂုဏ်ကျေးဇူးကား အနှိုင်းအဆမရှိကြီးမားလေစွ။

သို့ကြောင့်ပင် မြတ်ဆရာဟူသည် ပန်းပုသမား၊ ကျောက်သွေးသမား၊ ဥယျာဉ်မှူး၊ မာလိန်မှူးတို့နှင့် တူသည်ဟု ရှေးရှေးပညာရှင်များက ဥပမာပေး နှိုင်းယှဉ်ဖွဲ့ဆိုခဲ့ကြခြင်းဖြစ်သည်။

**လူ့ဘဝ မြင့်ထည်လာစေရန် မြှင့်တင်ပေး**

ပန်းပုသမားသည် သစ်အရိုင်းတုံးတို့ကို ပန်းပုရုပ် အသွင်လှပချောမွေ့ အသက်ဝင်လာအောင် ထွင်းထု တတ်သကဲ့သို့ မြတ်ဆရာသည်လည်း လူမမည် သူငယ်အရိုင်းကလေးများကို လိုအပ်သလို သိမ်သိမ်မွေ့မွေ့သိမ်းသွင်း၍ အသိပညာ အတတ် ပညာတို့ကို သင်ပေးလေသည်။ အတတ်ပညာ အဆောင်အယောင်ဖြင့် လှပတင့်တယ်သော အလိမ္မာ ပုံချပေးသည်။ လူတစ်လုံး သူတစ်လုံးဖြစ်လာစေရန် အနုစိတ်အချောကိုင်ပြီး အရောင်အသွေးစုံ ခြယ်သ ပေးသည်။ လူ့ဘဝ မြင့်ထည်လာစေရန် မြှင့်တင် ပေးသည်။

**ငယ်စဉ်ကမူ ဆရာမြတ်တို့၏ကျေးဇူးဂုဏ်ကို ဤသို့ဂဃနဏ မသိမမြင်ခဲ့။ ယခု အသက်အရွယ်ရလာတော့ "ကျောင်းမှာမြဲနေ၊ စာပေသင်သင် သို့လျှင် သို့ဖတ်၊ သို့မှတ် သို့ရေး၊ သို့မေး သို့ဖြေ၊ သို့နေ သို့ထိုင်" စသဖြင့် ချစ်တပည့်ရင်သွေးငယ်များအား အကျိုးနှင့်အကြောင်း၊ အဆိုးနှင့် အကောင်းတို့ကို ကွဲကွဲပြားပြား ခွဲခွဲခြားခြား ဆုံးမသင်ကြားပို့ချပေးခဲ့သော မြတ်ဆရာတို့၏ကျေးဇူးဂုဏ်ကို အမှတ်ထင်ထင်ဖြစ်ရ**

စာမျက်နှာ ၁၈ သို့ ○



# ဘားအံမြို့၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဘားအံ မေ ၂၇

မိုးရာသီအကြို ပြည်နယ်အဆင့်သစ်ပင်စိုက်ပျိုးပွဲ (ဒုတိယအကြိမ်)ကို ယမန်နေ့ နံနက် ၈ နာရီခန့်က ဘားအံမြို့နယ် ထုံးအိုင်စံပြကျေးရွာ ဘေးမဲ့ကုန်းထင်းစိုက်ခင်း နှစ်ကေ၌ ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသည် ပြည်နယ်အဆင့် ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး မြို့နယ်အဆင့်သစ်ပင်စိုက်ပျိုးပွဲများကိုလည်း မြို့နယ်အလိုက် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်မိုးရာသီတွင် ပြည်နယ်အတွင်း သစ်ပင်ပေါင်းလေးသိန်းနီးပါး စိုက်ပျိုးသွားမည်ဖြစ်ပြီး ရှင်သန်ကြီးထွားအောင် ပြုစုထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း သစ်တောဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနတို့မှ လမ်းဘေးဝဲယာများတွင် သစ်ပင်များစိုက်ပျိုးသွားမည်ဖြစ်ပြီး သစ်တောဦးစီးဌာနမှ ပျိုးပင်များအခမဲ့ထုတ်ပေးလျက်ရှိရာ ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ရုံးအဆောက်အအုံနှင့် ပတ်ဝန်းကျင်တို့တွင် လေကာပင်များစိုက်ပျိုးရန်၊ စိုက်ပျိုးပြီးသစ်ပင်များကို ရှင်သန်အောင် ပြုစုထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများက မြေဧရိယာ နှစ်ဧကတွင် မန်ဂျန်ရှားအပင်ပေါင်း ၁၀၈၄ ပင်ကို စိုက်ပျိုးပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သစ်ပင်စိုက်ပျိုးခြင်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■

# ပေါင်းတည်မြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုး

ပေါင်းတည် မေ ၂၇

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ဇီးပင်လှကြိုးဝိုင်းအကွက်အမှတ် ၈၇ တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်၊ သစ်တောသစ်ပင်များစိုက်ပျိုးခြင်းကြောင့် ဒေသတွင်းအပူချိန်လျော့ကျလာစေရန်၊ ဂေဟစနစ်တည်ငြိမ်လာစေရန်နှင့် သစ်တောသစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ ရရှိခံစားနိုင်စေရန် ရည်ရွယ်၍ ပေါင်းတည်မြို့နယ် သစ်တောဦးစီးဌာန မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

### အပင် ၂၀၀ အား စုပေါင်းစိုက်ပျိုး

အဆိုပါ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲတွင် ဒေသခံပြည်သူများနှင့် မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀ ဖြင့် ကျွန်း၊ မန်ဂျန်ရှား၊ ယူကလစ်၊ ခရေ၊ ရေတမာစသည့် အပင် ၂၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

အေးအေးဆင့်(ပြန်/ဆက်)



# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်များလှူဒါန်း

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စေတနာရှင်အလှူရှင်များက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များ လှူဒါန်းပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်-၂၂၈ ရှိ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက မြန်မာနိုင်ငံတွင် ရှင်သန်အောင်မြင်နေသော စာကြည့်တိုက် ၆၀၀၀ ကျော်ရှိကြောင်း၊ မိမိတို့အနေဖြင့် စာအုပ်များနှစ်စဉ်ဝယ်ယူပြီး ထောက်ပံ့ပေးသကဲ့သို့ ယခုအလှူရှင်များလှူဒါန်းသည့် စာအုပ်များကိုလည်း စာကြည့်တိုက်များသို့ ပေးပို့ကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ပြီဖြစ်သဖြင့် မိမိတို့ဖောင်ဒေးရှင်းအနေဖြင့် စာကြည့်တိုက်များတိုးပွားရေး စာအုပ်စာစောင်များ ပေးပို့ရေးတို့ကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် မြန်မာစီးပွားစီမံအမှုဆောင်များအသင်းဥက္ကဋ္ဌ ဦးမင်းဦးက စာအုပ်များလှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ဆက်လက်၍ အလှူရှင်စာရေးဆရာ မောင်ရင့်ကျူး(မြောင်းမြ)ကိုယ်စား မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က လှူဒါန်းရခြင်းအကြောင်း ပြောကြားသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲပြုလုပ်ရာ မြန်မာစီးပွားစီမံအမှုဆောင်များအသင်းက လှူဒါန်းသော အင်္ဂလိပ်စာအုပ်မျိုးစုံ ၁၉၀၀ နှင့် စာရေးဆရာ မောင်ရင့်ကျူး(မြောင်းမြ)က တန်ဖိုးငွေကျပ် ၄၂၇၅၀၀ ရှိ အနုသယကံ့ကော်စာအုပ် ၁၇၁ အုပ် လှူဒါန်းခဲ့ရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေတာရှည်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ရေတာရှည် မေ ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရေတာရှည်မြို့ အမှတ်(၃) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။ အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းအပ်နှံမှု ၆၄ ဒသမ ၂၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

○ စာမျက်နှာ ၁၇ မှ

ကျောက်သွေးသမားသည် ကျောက်အရိုင်းတုံးလေးများကို အကွက်ပေါ်၍ အရောင်အသွေးတလက်လက်တောက်ပလာအောင် နည်းမျိုးစုံဖြင့် အရွယ်အစားအမျိုးမျိုး သွေးယူတတ်သကဲ့သို့ မြတ်ဆရာသည်လည်း ကျောက်အရိုင်းတုံးလေးများနှင့်အလားတူသော လိမ္မာယဉ်ကျေးမှုမရှိ၊ စာပေပညာမတတ်သေးသော လူငယ်ကလေးများကို လိမ္မာယဉ်ကျေးလာစေရန်၊ စာပေပညာပေါက်မြောက်၍ လူ့ဂုဏ်ရည်တောက်ပစေရန် အရောင်တင်ပေးသည်။ ဉာဏ်ရည်သွက်လက်ထက်မြက်ပြီး ဘက်စုံပညာရေးအကွက်အကွင်းပေါ်အောင် လေ့ကျင့်ပေးသည်။

ဥယျာဉ်မှူးသည် သစ်သီးဝလံ ပန်းမန်ပင်တို့ဖြစ်ထွန်းအောင်မြင်လာစေရန် စနစ်တကျ မြေတောင်မြှောက် စိုက်ပျိုးတတ်သကဲ့သို့ မြတ်ဆရာသည်လည်း စာသင်သားတပည့်တို့အား အကျင့်စာရိတ္တကောင်းအောင်၊ ပညာရေးတော်အောင် စနစ်တကျ မြေတောင်မြှောက်သင်ကြားပို့ချပေးသည်။

မာလိန်မှူးသည် မိမိသင်္ဘော၌ပါလာသူ ခရီးသွားတို့အား လိုရာခရီးရောက်အောင် ပို့ဆောင်ပေးသကဲ့သို့ မြတ်ဆရာသည်လည်း တပည့်တို့အား ပါရဂူမြောက်ပညာရေး တစ်ဖက်ကမ်းရောက်အောင် ပို့ဆောင်ပေး၏။ ရည်မှန်းချက် ဘဝပန်းတိုင်ကို အောင်မြင်ချောမွေ့စွာ ခရီးပေါက်အောင် ပို့ဆောင်ပေးတတ်၏။

ငယ်စဉ်ကမူ ဆရာမြတ်တို့၏ ကျေးဇူးဂုဏ်ကို ဤသို့ဂဃနဏ မသိမမြင်ခဲ့။ ယခု အသက်အရွယ်ရလာတော့ "ကျောင်းမှာမြဲနေ၊ စာပေသင်သင်သို့လျှင် သို့ဖတ်၊ သို့မှတ် သို့ရေး၊ သို့မေး သို့ဖြေ၊ သို့နေ သို့ထိုင်" စသဖြင့် ချစ်တပည့်ရင်သွေးငယ်များအား အကျိုးနှင့်အကြောင်း၊ အဆိုးနှင့်အကောင်းတို့ကို ကွဲကွဲပြားပြား ခွဲခွဲခြားခြား ဆုံးမသင်ကြားပို့ချပေးခဲ့သော မြတ်ဆရာတို့၏ ကျေးဇူးဂုဏ်ကို အမှတ်ထင်ထင်ဖြစ်ရသည်။ မိုးသည် သည်းရာမှ အနည်းငယ်စဲလာသည်။ ရှေ့တူရူရာအရပ်က မူလတန်းကျောင်းလေးတွင် တစ်ချိန်က ကျောင်းတော်သားတစ်ဦးဖြစ်ခဲ့သူ၏ အတွေးတို့ကမူ မရပ်မနားခရီးနှင်ဆဲ။

### မှတ်ဉာဏ်တွင် စွဲထင်နေဆဲ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ သမ္မတကြီး ကျန်ဇီမင်းသည် ကျောင်းသားဘဝကသီဆိုခဲ့သော "အတန်းပြီးလို့ ကျောင်းဆင်းပြီ၊ ဆရာဆုံးမတဲ့စကား၊ နားထောင်ကြရဲ့လား။ ဖေတို့ မေတို့ သားအပြန်ကို မျှော်နေတယ်၊ လမ်းမှာ တို့တစ်တွေ လျှောက်မလည်နဲ့။ နောင်တစ်ခေတ် တိုင်းပြည်ကောင်းအောင် အုပ်ချုပ်ဖို့ တို့တစ်တွေကိုပဲ အားကိုးစို့။ ကြိုးစားစမ်းပါ သူငယ်ချင်းရာ၊ နက်ဖြန်ကျမှ တွေ့မယ်ကွာ"ဟူသည့် သီချင်းကို သမ္မတဖြစ်လာချိန်အထိတိုင် သူ့မှတ်ဉာဏ်တွင် စွဲထင်နေဆဲဟုဆိုသည်။ ထိုသီချင်းသည် သူ့အဖို့ တစ်ဘဝလုံးအတွက် အဓိပ္ပာယ်ရှိနေသည်ဟုလည်း ဆိုသည်။

"မိမိကိုယ်ကိုကောင်းအောင် ကြိုးစားမည်။ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်။ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်။ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်"

ငယ်စဉ်က သည်ကျောင်းလေးမှာ အားဖြင့်မာန်ဖြင့် သံပြိုင်သီဆိုခဲ့ဖူးသော ကျောင်းကောင်စီသီချင်းသံသည် လေထဲတွင်လွင့်ပျံ့၍ထွက်ပေါ်လာလေသည်။

မိုးသည် စဲရာမှတိတ်သွားသည်။ ပတ်ဝန်းကျင်သည် မိုးကြောင့်အေးမြသွားသည်။ သစ်ပင်ပန်းမန်တို့သည် မိုးကြောင့်စိမ်းလန်းလာသည်။ နေရောင်ခြည်လည်း ယုက်ဖြာလာခဲ့ပြီ။ စာသင်ကျောင်းလေးသည်လည်း နေခြည်မှာရွှေရည်လောင်းသည့်အလားပို၍တင့်တယ်လှပလာသည်။ ကျောင်းတွေ ဖွင့်တော့မည်။ တိတ်ဆိတ်ငြိမ်သက်နေသော ကျောင်းလေးသည် မကြာမီရက်ပိုင်းအတွင်း စည်ကားသက်ဝင်လာပေတော့မည်။ ပန်းကလေးများ ပွင့်တော့မည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# နုသော

**ဆင်ဖြူကျွန်းအောင်သိန်း**

(၂၁-၅-၂၀၂၂ ရက်နေ့မှအဆက်)

ကိုဆေးရိုးကသာ ရေနွေးဆူလျှင် ဆန်ကို ရေစစ်ပြီးထည့်၊ ထမင်းအိုးပွက်လျှင် ထမင်းရည်ငှဲ့ စသည်ဖြင့် စကားပြောရင်း တစ်ဖက်က လုပ်စရာများကို လျှောက်လုပ်နေရာက စပါးဈေး ၃၅၀ ဈေးပေးတော့မည်ဟူသောသတင်းကို ကိုဆေးရိုးက ထမင်းအိုးနှပ်ရင်း ပြောလိုက်လျှင်ကား ကိုပိတ်စမှာ ဟားတိုက်လေတော့သည်။

"တို့က ငါးရာဈေးလောက်ပေးမှ ရှူသာရှိုက်သာရှိမယ်။ အစိုးရက ၃၅၀ ဈေးတင်ပေးတယ်ဆိုတော့ မထူးပါဘူးကွာ"

"ဟ ၃၅၀ လည်း နည်းသလားဟ" ကိုဆေးရိုးက လှမ်းအော်လျှင်

"မထူးပါဘူးကွာ။ ငါးရာဈေး မပေးမယ့်အတူတူ မင်းကိုပဲ ရေနဲ့ပက်တော့မယ် "

ကိုဆေးရိုးမှာ ကိုပိတ်စအား ဟန့်တားချိန်ပင်မရ၊ မျက်နှာတည့်တည့်သို့ ထိုးပစ်သွားသော ကိုပိတ်စ၏ ဆန်ဆေးရည်များကိုသာ လက်ဖြင့်ပွတ်သပ်ပစ်နေရလေ၏။

ဆွမ်းအိုးနပ်လောက်သည့်အချိန်တွင် ကိုပိတ်စက နောက်တစ်ခေါက် ရောက်လာပြန်ပြီး သူငယ်ပြန်နေသည့်အတွက် ကိုဆေးရိုးမှာ စိတ်မရှည်နိုင်တော့ဘဲ ရေတစ်ပုံးကိုဆွဲပြီး ကိုပိတ်စနောက်သို့ ထလိုက်တော့သည်။ တစ်ရွာလုံးမှာ ကိုပိတ်စနှင့် ကိုဆေးရိုး၏ ရယ်မောသံနှင့် ခွေးဟောင်သံများ ဖုံးလွှမ်းသွားလေ၏။

ကိုပိတ်စက အိမ်ကြိုအိမ်ကြား ဝင်ပြေး၏။ ကိုဆေးရိုးကလည်း ဝင်လိုက်သည်။ အိုးတွေ၊ ခွက်တွေကို တိုက်လဲ၏။ ကြိုးတန်းနှင့် လည်ပင်းချိတ်မိ၏။ နောက်ဆုံးတွင်ကား ကိုပိတ်စမှာ တဲထဲသို့ ဝင်ပြေးသဖြင့် ကိုဆေးရိုးက အိပ်နေသော ကိုပိတ်စ၏ဇနီးနှင့် ကလေးငါးယောက်ကို ရေဖြင့်လောင်းပစ်ခဲ့ရာ ကိုပိတ်စတို့လင်မယားမှာ ကလေးတွေ၏ငိုသံကြားမှ အချီအချ ရန်ဖြစ်ကျန်ခဲ့လေတော့၏။ အိမ်သို့ ကိုဆေးရိုး ပြန်ရောက်သောအချိန်တွင် ကြက်ဦးတွန်ပေပြီ။

ကြက်ဦးတွန်ချိန်ကျမှ အိပ်ရသည့်အတွက် ကိုဆေးရိုး၏မျက်လုံးများမှာ ကျိန်းစပ်နေကာ အလင်းရောင်ကိုပင် စူးစူးစိုက်၍မကြည့်နိုင်ပေ။ သံဃာဆက် တစ်ကြိမ်ပြတ်သွားပြီးနောက် စောစောကလို သံဃာတစုတဝေးကြီး မကြွလာတော့ပေ။ ငါးပါး တစ်စု၊ ဆယ်ပါး တစ်စု၊ တစ်ခါတစ်ရံ တစ်ပါးတည်း။ ကိုဆေးရိုးတို့မှာ ရွာတံခါးဝဆီသို့ ခေါင်းတငွဲ့ငွဲ့စောင်းကြည့်ရင်း လက်ကျန်ဆွမ်းနှင့် မုန့်များကို ငုံ့ကြည့်နေကြရလေသည်။

"ကုန်ပြီထင်ပါတယ် အဖေရယ်၊ ကျုပ်ရေကြည့်လိုက်တာ ၇၃ ပါးရှိတယ်"

ချောစိန်က ဆွမ်းတောင်းကိုသိမ်းရန် ဟန်ပြင်ရင်း ပြောလိုက်ရာ "သီတင်းကျွတ်တုန်းကတော့ တစ်ရာ့ငါးပါးတောင်ရှိတာပဲ သမီးရဲ့" ဟု ပြန်ပြောလိုက်သည်တွင် မကျီးဒန်က

"သီတင်းကျွတ်မှာတော့ ဝါဆိုတဲ့ကိုရင်တွေ ဘာတွေ ရှိတာကိုးတော့"ဟု ဝင်ထောက်လိုက်ရာက "သိမ်းကြပါစို့ မိန်းကလေးရယ်" ဟု ချောစိန်ကိုတစ်လှည့်ပြောကာ မုန့်ဖက်ထုပ်ဇလုံကြီးကို ခေါင်းပေါ်သို့ တင်လျက် အိမ်ဝိုင်းထဲသို့ ဝင်သွားလေ၏။ ချောစိန်ကလည်း ဆွမ်းတောင်းနှင့် ဆွမ်းဇလုံကို သယ်ယူသွားပြန်သဖြင့် ကိုဆေးရိုးမှာ ခွေးခြေများကို သိမ်းဆည်းယူငင်ပြီး အိမ်ထဲသို့ ဝင်လိုက်လာခဲ့သည်။

"ကဲ ရေမိုးချိုးကြ။ ဥပုသ်စောင့်ရာက ပြန်လာမှ ထမင်းစားမယ်"

တဲတံစက်မြိတ်အောက်သို့ ခေါင်းငုံ့ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် မကျီးဒန်က ဆီးကြိုအမိန့်ပေးလိုက်လေသည်။

"ညည်းတို့သားအမိပဲ သွားစောင့်ကြပါအေ။ တလင်းထဲမှာလည်း စပါးပုံကြီးနဲ့ နွားကျွေးဖို့ ဘာဖို့ကလည်း ရှိသေးတယ်။ ငါနေခဲ့မယ်"

"တလင်းစောင့်ဖို့နဲ့ နွားစာကျွေးဖို့ကို ဘညိန်း ထားပစ်ခဲ့တာပေါ့။ တော့်မှာလည်း အားတုန်းလပ်တုန်းလေး ဥပုသ်စောင့်ရတာ"

မကျီးဒန်က ကိုဆေးရိုးအတွက် လုံချည်၊ အင်္ကျီထုတ်ပေးရင်းပြောသည်။ သူတို့မှာ ဝါဦးကျတော့လည်း ထွန်ချိန်ယက်ချိန်မို့၊ ဝါတွင်းကျတော့လည်း စိုက်ချိန်မို့ ဥပုသ်မစောင့်နိုင်ကြ။ တစ်နှစ်လုံးတွင် နှစ်သစ်ကူးသင်္ကြန်ကာလများမှာသာ မည်မည်ရရ ဥပုသ်စောင့်နိုင်ကြသည်။

သည်မျှ ခဲခဲယဉ်းယဉ်းစောင့်ရသော ဥပုသ်ကိုပင် ကိုဆေးရိုးက တလင်းထဲမှာရှိနေသော စပါးပုံကြီးသံယောဇဉ်ကြောင့် ငြင်းပယ်နေသေး၏။ တလင်းထဲကစပါးများမှာ မိုးမကျမချင်း ပုတ်ထဲကျီထဲ ရောက်ဦးမည်မဟုတ်ပေ။ နွေရာသီတွင် မီးကြောက်ရသောကြောင့် တလင်းထဲမှာပင် ကောက်ရိုးများ၊ ဖျာရိုင် စသည်များဖြင့် အုပ်ဆိုင်းထားကြသည်။

အုပ်ဆိုင်းထားသည်ဆိုပေသည့် လုံလုံခြုံခြုံ မဟုတ်ရကား လူထက် နွားလွတ်တွေဝင်စားမှာကို စိုးရိမ်ခြင်းဖြစ်၏။ ထိုနွားလွတ်တွေမှာ စပါးကိုစားရုံသာမက ချည်တိုင်မှာ ချည်ထားသောနွားတွေကိုပါ ဝင်ဝှေ့မှာ စိုးရိမ်ရသည်။ စိုးရိမ်စရာ၊ ကြောင့်ကြစရာတွေကိုချည်းတွေးနေလျှင်ကား ကောင်းမှုကုသိုလ်ကို လုပ်ရတော့မည် မဟုတ်ပေ။

လယ်ကိစ္စတွေ မပြီးမပြတ်သေးသော ဝါကျွတ်ချိန်မှာပင် သီတင်းသီလကို စောင့်ထိန်းနိုင်သေးလျှင် လုပ်စရာဟူ၍ နွားကျွေးဖို့နှင့် တလင်းစောင့်ဖို့မှတစ်ပါး ဘာမျှမရှိတော့သောနှစ်ဦးတွင် ပို၍ သီလယူနိုင်ရမည်မဟုတ်လား။

ကိုဆေးရိုးမှာ ကျောင်းသို့ရောက်၍ သီလမယူမီကာလအထိကား တလင်းထဲမှာသာ စိတ်က စောနေခဲ့၏။ သို့ရာတွင် "ကဲ ကန်တော့ကြရအောင်ဗျို့" ဟူသောအသံ ထွက်ပေါ်လာသည့်အချိန်မှစ၍ သီလခံ

ဆင်းရဲသားဆိုတော့လည်း
ဟင်းစားတစ်နပ်စားရလည်း မနည်းပေ။
လယ်ထဲတွင်တွေ့သော
ငါးကလေးတွေကို ဖမ်းယူခဲ့မိသည်။
ဒူလာကောင်းသည်ဆိုသောကြောင့်
လင်းမြွေကိုတွေ့လျှင် သတ်ပြီး
မီးမြှိုက်ကာ အိမ်သို့ယူလာခဲ့မိ၏။
သွားရင်းလာရင်း တောကြောင်များကို
တွေ့လျှင် ဟင်းလျာအတွက် အဖော်စုပြီး
အောက်ကခွေးနှင့် လိုက်သူလိုက်၊
ကြောင်ပြေးလမ်းတွင် ပိုက်ချသူကချ၊
သစ်ပင်ပေါ်တက်ကာ ကြောင်ကို
ရိုက်ချသူကရိုက်ချဖြင့် ဟင်းတစ်နပ်စာ၊
နှစ်နပ်စာအတွက် လုပ်ခဲ့ဖူး၏
"ဩော် အသက်ချင်း
ကိုယ်ချင်းစာသင့်ပါကလား"

ယူနေသောအချိန်တစ်လျှောက်လုံး ဝိတက်ဝိစာရများကို ရှင်းလင်းပစ်ထားနိုင်ချေသည်။

"ဒါယကာကြီး၊ ဒါယိကာမကြီးတို့ သီလမခံယူခင် ရတနာသုံးပါးကို ကန်တော့ကြတဲ့အခါမှာ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရရပါလို၏လို့ ဆုတောင်းကြတယ်မဟုတ်လား"

သီလခံယူပြီး၍ သီလယူသူအသီးသီး ဝတ်ဖြည့်ရင်း နေရာပြင်ထိုင်နေကြစဉ် သီလပေးသော ဆရာတော်၏ အသံထွက်ပေါ်လာခြင်းဖြစ်သည်။

"မဂ်တရား ဖိုလ်တရားဆိုတာဟာ တခြားမှာမရှိဘဲ ဒကာကြီးတို့ကိုယ်တွင်းမှာပဲရှိတာပဲ။ လူတိုင်း နှုတ်တက်ရထားတဲ့ ၃၂ ကောဋ္ဌာသကို သေသေချာချာ ရွတ်ဖတ်ပွားများကြရင် ဘဝတဏှာ ကင်းပြတ်နိုင်သလို ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းပျက်ခြင်းကို ပွားများနိုင်လို့ ဘဝင်ကျရင် မဂ်ဆိုက်တာပဲ"

ကိုဆေးရိုးသည် ငြိမ်သက်နေသော လူအုပ်ကြီးကိုကျော်၍ ဆရာတော်ကို လှမ်းကြည့်လိုက်သည်။ ဖြစ်ခြင်း၊ ပျက်ခြင်းဟူသည်ကို ကြားဖူးသော်လည်း ဘဝင်ကျအောင်ပွားများရမည်ဆိုသည်မှာ ဘယ်လိုနည်း။ ကိုဆေးရိုးမှာ နားမလည်တိုင်း ဆရာတော်ကိုသာ မော့မျှော်ကြည့်နေမိခြင်းဖြစ်၏။

"အဲဒီလို တစ်မဂ်တစ်ဖိုလ်ကို မရမီကြားမှာ အကုသိုလ်ကင်းအောင် နေကြရမယ်။ တစ်မဂ်တစ်ဖိုလ်ကိုလည်းမရ၊ အကုသိုလ်ကိုလည်း ကင်းအောင် မနေနိုင်ကြရင် လူပြန်ဖြစ်ဖို့ မလွယ်ဘူး။ ကဲ ငါးတစ်ကောင်ကို သေစေလိုတဲ့ စေတနာနဲ့ သတ်မိလိုက်တယ် ဆိုပါတော့။ အဲဒါကို ပါဏာတိပါတကံလို့ ခေါ်တယ်။ အဲဒီကံကိုကျူးလွန်မိသူတိုင်းဟာ ငရဲမှာ နှစ်ပေါင်းများစွာခံရတယ်။ ငရဲသက်ဟာ လူသက်ထက်ရှည်တယ်။ ငရဲပြည်မှာ တစ်ရက်ဟာ လူ့ပြည်က တစ်နှစ်၊ နှစ်နှစ်ဆိုတာထက်မက ရှည်ကြာတယ်"

ကိုဆေးရိုးမှာ ခါးကို မတ်ပစ်လိုက်မိ၏။ ငရဲသံကြား၍ လန့်ခြင်းကားမဟုတ်။ စိတ်နှလုံးစင်ကြယ်နေဆဲ၌ အကြောင်းဆိုက်လာသော ပါဏာတိပါတကံက ဖြတ်သွားခြင်းသာဖြစ်၏။ ဆင်းရဲသားဆိုတော့လည်း ဟင်းစားတစ်နပ်စားရလည်း မနည်းပေ။ လယ်ထဲတွင်တွေ့သော ငါးကလေးတွေကို ဖမ်းယူခဲ့မိသည်။ ဒူလာကောင်းသည်ဆိုသောကြောင့် လင်းမြွေကိုတွေ့လျှင် သတ်ပြီး မီးမြှိုက်ကာ အိမ်သို့ယူလာခဲ့မိ၏။ သွားရင်းလာရင်း တောကြောင်များကိုတွေ့လျှင် ဟင်းလျာအတွက် အဖော်စုပြီး အောက်ကခွေးနှင့် လိုက်သူလိုက်၊ ကြောင်ပြေးလမ်းတွင် ပိုက်ချသူကချ၊ သစ်ပင်ပေါ်တက်ကာ ကြောင်ကို ရိုက်ချသူကရိုက်ချဖြင့် ဟင်းတစ်နပ်စာ၊ နှစ်နပ်စာအတွက် လုပ်ခဲ့ဖူး၏။

"ဩော် အသက်ချင်း ကိုယ်ချင်းစာသင့်ပါကလား"

ကိုဆေးရိုးမှာ ရင်တွင်းက မြည်တမ်းရင်း မကျီးဒန်ကို လှည့်ကြည့်ရာ မကျီးဒန်က "ပြန်ရအောင်" ဟုဆိုသဖြင့် ဆရာတော်ကို ဝပ်ချပြီး ထလာခဲ့လေ၏။

ကျောင်းဝိုင်းပြင်ဘက်သို့ ရောက်လျှင် လင်းကွင်းသံတညံညံ၊ သံချပ်သံတညံညံဖြင့် ဖြတ်သွားသော ရေပက်ခံကားတစ်စီးကို လှမ်းမြင်လိုက်ရသည်။ ဟေးခနဲ ဟေးခနဲ ညာသံပေးကာ ဝိုင်းပက်သော ကျောင်းသားများ၏ကိုယ်မှာလည်း ရေများဖြင့် ရွှဲစိုနေ၏။

"ကလေးတွေဆိုတော့လည်း သင်္ကြန်ကို ဘယ်တော့မှ မတက်စေချင်အောင် ပျော်ကြတာပဲနော်"

မကျီးဒန်က နောက်မှကပ်လိုက်လာရင်း ပြောလိုက်သည်တွင် "အေးပေါ့ဟာ ကလေးတွေတင်လား၊ လူကြီးတွေလည်း ပျော်ကြတာပဲ။ ပုထုဇဉ်ဆိုတော့လည်း ဒုက္ခကို ဒုက္ခဘယ်မြင်ကြမလဲ" ဟု ပြန်ပြောကာ လက်ကို ပါးစပ်ဆီသို့ မြှောက်ရွယ်လိုက်လေ၏။

သို့ရာတွင် ကိုဆေးရိုး၏လက်မှာ လေထဲတွင် တန့်ရပ်သွားချေသည်။ အဘယ်ကြောင့်ဆိုသော် စကားပြောနေသည့်ကြားက ပါးစောင်တွင် တရွရွလာနားနေသော ယင်ကောင်ကို ပုတ်ချရန် လက်ကရွယ်လိုက်ခြင်းဖြစ်၏။ သို့ရာတွင် "ငါ့မှာ သီလကြီးနဲ့ပါကလား" ဟူသော သတိသမ္ပဇဉ်တရားက ဝင်လာသည့်အတွက် လက်မှာ လမ်းခုလတ်တွင် တုံ့ဆိုင်းသွားရလေ၏။

သရက်ချင်၊ လင်းပင်စု၊ ပုရပိုက်တန်း စသောရွာများမှ ကာလသားသူငယ်များသည်ကား လမ်းဘေးတွင် စဉ့်အိုးကြီးတွေချလျက် လာသမျှ လူသူ၊ မြင်းလှည်း၊ ကား စသည်တို့ကို ရေဖြင့် ဆီးကြိုကြလေသည်။ ရမ်းဘိုကုန်းရွာမရောက်မီ ခုတင်ကြီးစု ရွာပျက်ကုန်းတည်ရာ မန်ကျည်းပင်အုပ်ကြီးအစပ်သို့ ကိုဆေးရိုးတို့ သားအမိသားအဖသုံးယောက် ရောက်လာသောအခါတွင် မန်ကျည်းတောထဲမှ ညာသံပေးသံများ ထွက်ပေါ်လာလေ၏။ တစ်ဆက်တည်းပင် ခွေးသံများ ထွက်ပေါ်လာကာ စကားပြောသံများ ထွက်ပေါ်လာ၏။

"အခါကြီးရက်ကြီးများ သူတို့မို့ သူများအသက်ကို သတ်ချင်၊ ကြောင်လိုက်ချင်ရတယ်တော်"

မကျီးဒန်က မန်ကျည်းပင် ညိုညိုကြီးများကို လှမ်းမျှော်ကြည့်ရင်း ညည်းတွားလိုက်သည်တွင် "မြောက်စုရွာက ကယ်ပါတေပါဟာ။ သူတို့လည်း အန္ဓပုထုဇဉ်တွေပဲမဟုတ်လား၊ ဟာ နင့်အမေကလွှား"

ကိုဆေးရိုး၏စကားမဆုံးမီ ချုံပုတ်ကလေးတစ်ခုဘေးတွင် ထောင်ထားသော ပိုက်ကို လွှားခနဲခုန်ကျော်လျက် တစ်တောင်ကျော်ကျော် ရှည်လျားသော တောကြောင်ကြီးတစ်ကောင်က ကိုဆေးရိုးရှေ့သို့ ကျရောက်လာသဖြင့် ကိုဆေးရိုးမှာ လှမ်းကန်ရင်း စကားပြတ်သွားရာက ကြောင်ကြီး ဝင်ရောက်ပျောက်ကွယ်သွားရာ ကလိမ်ဆူးချုံကြီးသို့ လည်ဆန့်ငေးမောကြည့်ရင်း ရေရွတ်လိုက်လေ၏။

"ဝလိုက်တဲ့ တောကြောင်ကြီး။ ဖီးလို့ဟ။ မီးမြှိုက်ပြီး ဆီပြန်ချက်စားလိုက်ရရင် ရှီး"

ကိုဆေးရိုးမှာ ကျလာသောသွားရည်စကို ရှုံ့၍ သိမ်းရင်းဖြင့် အားရပါးရအော်လိုက်ပြီးမှ ကွက်ခနဲ မျက်နှာပျက်သွားကာ မကျီးဒန်ကို ရှက်ကိုးရှက်ကန်းမျက်နှာဖြင့် လှည့်ကြည့်မိရှာလေသတည်း။ ။


မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Pronoun (နာမ်စား)

နာမ်စားဆိုသည်မှာ နာမ်တစ်လုံး၏နေရာတွင် အစားထိုးအသုံးပြုသည့် စကားလုံးဖြစ်သည်။

ဥပမာ။ **Maung Maung** is absent because **Maung Maung** is ill. (မောင်မောင်နေမကောင်းလို့ မောင်မောင် ကျောင်းပျက်ကွက်တယ်ဆိုတဲ့ဝါကျကို မောင်မောင်၊ မောင်မောင်ဆိုပြီး နှစ်ခါ ထပ်ရေးမယ့်အစား မောင်မောင်နေမကောင်းလို့ သူကျောင်းပျက်ကွက်ခဲ့တယ်ဆိုပြီး ရေးသင့်ပါတယ်။)

ဒါကြောင့် **Maung Maung** is absent because he is ill. ဖြစ်သွားတာပေါ့။ ဒီနေရာမှာ မောင်မောင့်နေရာကို **He** အစားထိုးရေးရတယ်။ **he** က ပြုလုပ်သူဖြစ်တဲ့ မောင်မောင့်နေရာမှာ အစားထိုးပေးလိုက်တဲ့ Pronoun (နာမ်စား)ဖြစ်ပါတယ်။




### Types of pronouns (နာမ်စားအမျိုးအစားများ)

1. Personal Pronoun
2. Reflexive Pronoun
3. Emphatic Pronoun
4. Indefinite Pronoun
5. Relative Pronoun
6. Demonstrative Pronoun
7. Interrogative Pronoun
8. Distributive Pronoun
9. Possessive Pronoun

## (1) Personal Pronoun (ပုဂ္ဂလနာမ်စား)

Personal Pronoun (ပုဂ္ဂလနာမ်စား)သုံးမျိုးရှိသည်။ ပြောသူနာမ်စား၊ ကြားနာသူနာမ်စားနှင့် အပြောခံနာမ်စားတို့ဖြစ်သည်။

### ပြောသူနာမ်စား

I နဲ့ We ကို 1st person (ပြောသူနာမ်စား) ဟု သတ်မှတ်ပါ။ I နဲ့ We ဆိုတဲ့နေရာမှာ I, me, my, mine, myself, we, us, our, ourselves တို့လည်း ပါဝင်ပါတယ်။

### ကြားနာသူနာမ်စား

You ကို 2nd person (ကြားနာသူနာမ်စား)ဟု သတ်မှတ်ပါ။ you လို့ပြောတဲ့နေရာမှာ you, yours, yourself, yourselves တို့လည်းပါဝင်ပါတယ်။

### အပြောခံနာမ်စား

They, he, she တို့ကို 3rd person (အပြောခံနာမ်စား)ဟု သတ်မှတ်ပါ။ They, he, she ဆိုတာ They, them, their, theirs, themselves, he, him, his, himself, she, her, hers, herself, it, it, its, itself တို့လည်းပါဝင်ပါတယ်။

### Subject ပြုလုပ်သူနေရာတွင် အသုံးပြုသည့် နာမ်စားများ

I, We, You, They, He, She, It တို့ဖြစ်ပါတယ်။

I = ကျွန်ုပ်သည်(မိမိကိုယ်ကို ရည်ညွှန်းပြောဆိုတဲ့အခါမှာ I ကို သုံးရပါတယ်။)

We = ကျွန်ုပ်တို့သည် (မိမိအပါအဝင် အခြားသူတစ်ဦး သို့မဟုတ် အများကို ရည်ညွှန်းပြောဆိုတဲ့အခါမှာ We ကို သုံးရပါတယ်။)

You = သင်၊ သင်တို့သည် (ကြားနာသူတစ်ဦး သို့မဟုတ် ကြားနာသူအများကို ရည်ညွှန်းပြောဆိုတဲ့အခါမှာ You ကို သုံးရပါတယ်။)

They = သူတို့သည် (လူ၊ တိရစ္ဆာန်၊ အရာဝတ္ထု အများကိန်းတို့ကို ရည်ညွှန်းပြောဆိုရာတွင် သုံးရပါတယ်။)

He = သူသည်(အထီးသဘောသဘာဝ ခွဲခြားပြောဆိုရာတွင် သုံးရပါတယ်။)




She = သူ(မ)သည် (အမသဘောသဘာဝ ခွဲခြားပြောဆိုရာတွင် သုံးရပါတယ်။)

It = ၎င်းသည်၊ ထိုဟာသည် (မွေးကင်းစကလေးငယ်၊ တိရစ္ဆာန်၊ အရာဝတ္ထု(အနည်းကိန်း)တို့ကို ရည်ညွှန်းပြောဆိုရာတွင် သုံးရပါတယ်။)

Subject (ပြုလုပ်သူ) နေရာတွင် ထားသုံးရသည့် နာမ်စားများနှင့် Object (ခံရသူ) နေရာတွင် ထားသုံးရသည့် နာမ်စားများကို လေ့လာပါ။

### Subject pronouns

| | | | | | |
|---|---|---|---|---|---|
| I | = | ကျွန်ုပ်သည် | We | = | ကျွန်ုပ်တို့သည် |
| You | = | သင်၊ သင်တို့သည် | They | = | သူတို့သည် |
| He | = | သူသည် | She | = | သူ(မ)သည် |
| It | = | ၎င်းသည်၊ ထိုဟာသည် | | | |

### Object pronouns

| | | | | | |
|---|---|---|---|---|---|
| me | = | ကျွန်ုပ်ကို | us | = | ကျွန်ုပ်တို့ကို |
| you | = | သင့်ကို၊ သင်တို့ကို | them | = | သူတို့ကို |
| him | = | သူ့ကို | her | = | သူ(မ)ကို |
| it | = | ၎င်းကို၊ ထိုဟာကို | | | |

### Exercises on Personal pronouns

**(A) Use the appropriate subject pronouns to rewrite the following sentences. အောက်ပါဝါကျများ၏ ပြုလုပ်သူနေရာတွင် သင့်လျော်သည့် နာမ်စားများအစားထိုးပြီး ဝါကျကိုပြန်ရေးပါ။)**

1. Shwe Sin is very beautiful.
   ______________________________.
2. Dr Khin May is a famous person.
   ______________________________.
3. Mi Mi and Kyi Kyi are good friends.
   ______________________________.
4. Is Swe Swe good at basketball?
   ______________________________.
5. Zaw Lay plays tennis.
   ______________________________.
6. Min Min and I are cousins.
   ______________________________.
7. Wai Gyi and Thaw Zin are good at math.
   ______________________________.
8. Mount Everest is very high.
   ______________________________.
9. Ma Ma Gyi has 40 students.
   ______________________________.
10. Is the TV too loud?
    ______________________________.
11. How are Zaw Min and Lwin Moe?
    ______________________________.
12. The weather is very hot today.
    ______________________________.
13. The cat looks very friendly.
    ______________________________.
14. Htoo Htoo is a good vocalist.
    ______________________________.
15. Hay Mar, Thandar and I are good friends.
    ______________________________.

*Ans: 1. She; 2. She; 3. They; 4. She; 5. He; 6. We; 7. They; 8. It; 9. She; 10. It; 11. They; 12. It; 13. It; 14. He; 15. We;*

**Choose the right word. အဖြေမှန်ကို ရွေးချယ်ပါ။**

1. __________ kicked the ball so hard that his shoe came off.
   (a) She (b) He (c) They (d) It
2. Correct me if I'm wrong, but I think __________ enjoy studying.
   (a) he (b) she (c) you (d) I
3. The dog stole Zaw Zaw's ice cream before __________ ran away.
   (a) You (b) They (c) It (d) I
4. __________ enjoys going to the gym early each morning.
   (a) I (b) She (c) They (d) We
5. __________ prefer hiking to movies.
   (a) She (b) He (c) We (d) It

*Ans: 1. (b) He; 2. (c) you; 3. (c) it; 4. (b) She; 5. (c) We;*

**(C)Fill in the blanks with suitable personal pronouns (Object): me, us, you, them, him, her, it. ခံရသူနာမ်စားများကို သင့်လျော်ရာ ဖြည့်စွက်ပါ။**


1. I am hungry. The doughnut is for _____.
2. You are hungry. The cherries are for _____.
3. John is hungry. The hamburger is for _____.
4. She is hungry. The fruits are for _____.
5. The mouse is hungry. The cheese is for _____.
6. We are hungry. The rice is for _____.
7. You are hungry. The soup is for _____.
8. The children are hungry. The pizza is for _____.

*Ans: 1. Me; 2. You; 3. Him; 4. Her; 5. It; 6. Us; 7. Us; 8. Them;*

## (2) Reflexive Pronoun

ပြုလုပ်သူ(Subject)ဟာ သူကိုယ်တိုင် တစ်စုံတစ်ရာပြုလုပ်ကြောင်း သို့မဟုတ် ပြုလုပ်ခံရကြောင်း ဖော်ပြပြောဆိုတဲ့အခါမှာ Reflexive pronoun ကို သုံးရပါတယ်။

Reflexive pronoun တွေကတော့ myself (ကျွန်ုပ်ကိုယ်တိုင်)၊ yourself (သင်ကိုယ်တိုင်)၊ himself (သူကိုယ်တိုင်)၊ herself (သူကိုယ်တိုင်)၊ itself (၎င်းကိုယ်တိုင်)၊ ourselves (ကျွန်ုပ်တို့ကိုယ်တိုင်)၊ themselves (သူတို့ကိုယ်တိုင်)၊ yourselves (သင်တို့ကိုယ်တိုင်) တို့ဖြစ်ပါတယ်။




ဥပမာ။ I hurt **myself**.
They hurt **themselves**.

### Exercise on reflexive pronouns

**(A)Choose the correct answer. အဖြေမှန်ရွေးချယ်ပါ။**

1.He burnt ___ with the matches.
(a)himself (b) herself
2.Be careful! You might electrocute ____!
(a)myself (b) yourself
3.Ow! I've cut ____.
(a)myself (b) yourself
4.The cat has scratched _____.
(a)itself (b) myself
5.They are taking photos of _____.
(a)themselves (b) itself
6.We're going to hurt ____ if we're not careful.
(a)myself (b) ourselves

*Ans: 1. (a) himself; 2. (b) yourself; 3. (a) myself; 4. (a) itself; 5. (a) themselves; 6. (b) ourselves;*

စာမျက်နှာ ၂၂ သို့ »»

»»» စာမျက်နှာ ၂၀ မှ

**(B) Choose the correct reflexive pronouns.**

**Myself yourself himself itself**
**ourselves yourselves themselves**

1. Ko Ko made this dish _____.
2. Khin Khin sent the email _____.
3. We shall not quarrel easily among _____ and forget our common objective.
4. Zin Zin, did you write this poem _____?
5. He cut _____ with the knife while he was sharpening it.
6. My computer often crashes and turns off by _____.
7. She often talks to _____ when she is upset.
8. Did the children behave _____?
9. I caught sight of _____ in the mirror.
10. The students were so noisy. Even Ko Ko and Ma Ma were making a lot of noise _____.

*Ans: 1. himself; 2. herself; 3. ourselves; 4. yourself; 5. himself; 6. itself; 7. herself; 8. themselves; 9. myself; 10. themselves;*

## (3) Emphatic Pronoun

Emphatic pronoun တွေကို ပြုလုပ်သူ (Subject)နဲ့ယှဉ်တွဲပြီး ရေးရပါတယ်။ Subject ပြုလုပ်သူဟာ အကြောင်းကိစ္စတစ်ခုကို ကိုယ်တိုင်ပြုလုပ်တယ်ဆိုတဲ့သဘော သက်ရောက်စေဖို့အတွက် Emphatic pronoun ကို ထည့်သွင်းအသုံးပြုခြင်းဖြစ်ပါတယ်။




ဥပမာ။ I <u>myself</u> checked all the paid bills.
I <u>myself</u> will try to solve problem.
I <u>myself</u> carried his lunchbox and gave him.
You <u>yourself</u> can write that article.
You <u>yourself</u> could get it very well.
He <u>himself</u> attended that lecture.

မှတ်ရန်။ ဒီနေရာမှာ Reflexive pronoun နဲ့ Emphatic pronoun တို့ကို ကွဲကွဲပြားပြား သိနားလည်ဖို့လိုပါတယ်။ ပြုလုပ်သူနဲ့ ခံရသူ နှစ်ခုစလုံးဟာ တစ်ဦးတည်း တစ်ယောက်တည်းဖြစ်တဲ့အခြေအနေဆိုရင် Reflexive pronoun လို့မှတ်ပါ။

**ဥပမာ။ <u>I</u> looked at <u>myself</u> in the mirror. (ကျွန်တော့်ကို ကျွန်တော် မှန်ထဲမှာ ကြည့်ခဲ့တယ်။)**
**ပြုလုပ်သူကို ပိုပြီးလေးနက်စေချင်တဲ့သဘောနဲ့ အထူးပြုပြောတဲ့အခြေအနေဆိုရင် Emphatic pronoun လို့မှတ်ပါ။**

**ဥပမာ။ She <u>herself</u> opened the door. (သူကိုယ်တိုင် တံခါးကို ဖွင့်ခဲ့တယ်။)**
**I will do this <u>myself</u>. (ကျွန်တော်ကိုယ်တိုင် ဒါကိုလုပ်မယ်။)**

**(A) Tell which pronouns in the following sentences are reflexive and which are emphatic. အောက်ပါဝါကျများတွင် မည်သည့်နာမ်စားက reflexive pronoun နှင့် emphatic pronoun ဖြစ်သလဲဆိုသည်ကို ရွေးချယ်ပြပါ။**

1. I <u>myself</u> heard his remarks. (Reflexive or Emphatic)
2. We often deceive ourselves. (Reflexive or Emphatic)
3. He <u>himself</u> said so. (Reflexive or Emphatic)
4. I <u>myself</u> went to the market and bought it. (Reflexive or Emphatic)
5. He <u>himself</u> painted the walls. (Reflexive or Emphatic)
6. Ko Gyi did it himself. (Reflexive or Emphatic)
7. Don't touch that electric wire. You will hurt yourself. (Reflexive or Emphatic)
8. I will give myself five days to finish that job. (Reflexive or Emphatic)
9. Min Min himself was not aware of the plan.
10. The terrorist shot himself. (Reflexive or Emphatic)

*Ans: 1. Emphatic; 2. Reflexive; 3. Emphatic; 4. Emphatic; 5. Emphatic; 6. Emphatic; 7. Reflexive; 8. Reflexive; 9. Emphatic; 10. Reflexive;*

**(B) Complete the following sentences with the appropriate reflexive or emphatic pronouns. ပေးထားသောဝါကျများတွင် သင့်လျော်သည့် reflexive pronoun သို့မဟုတ် emphatic pronoun တို့ကို ဖြည့်စွက်ပါ။**

1. I made _____ a cup of tea and a sandwich for breakfast.
2. The man threw a line and caught the fish all by _____.
3. The headmaster _____ made the announcement over the exam results.
4. My mother gave _____ a big treat on her birthday.
5. The carpenter _____ carried the cupboard up to the room.
6. I am very pleased with _____. What about you? Are you pleased with _____?
7. The girl guides set up camp _____ under the supervision of the teacher.
8. Did Moe Thae convey the news to you _____? I wish I had done it.

*Ans: 1. myself; 2. himself; 3. himself; 4. herself; 5. himself; 6. myself, yourself; 7. themselves; 8. herself;*

## (4) Indefinite pronoun

တစ်ခါတစ်ရံမှာ ဝါကျထဲမှာရှိတဲ့ နာမ်စားတွေဟာ တိကျတဲ့နာမ်တစ်ခုခုကို ရည်ညွှန်းလေ့မရှိဘဲ ယေဘုယျအားဖြင့် ရည်ညွှန်းတဲ့အခါမျိုးတွေ ရှိပါတယ်။ ဒီလိုအခြေအနေမှာ အသုံးပြုတဲ့နာမ်စားတွေကို Indefinite pronoun လို့ခေါ်ပါတယ်။

Indefinite pronoun တွေကတော့ All, anyone, anybody, anything, everyone, everybody, everything, someone, somebody, something, no one, nobody, nothing, some, none etc…

**ဥပမာ။ <u>Nobody</u> can help you in this issue. (ဒီကိစ္စမှာ ဘယ်သူကမျှ မင်းကို မကူညီနိုင်ဘူး။)**
**ဒီဝါကျမှာ Nobody က indefinite pronoun ဖြစ်ပါတယ်။ သူက တိကျတဲ့နာမ်တစ်ခုခုကို မရည်ညွှန်းဘဲ ယေဘုယျအားဖြင့် ဖော်ပြလို့ဖြစ်ပါတယ်။**

**ဥပမာ။ Did you ask <u>anybody</u> to come? (လူတွေကို လာဖို့ပြောပြီးပြီလား။) ဒီဝါကျမှာလည်း anybody က indefinite pronoun ဖြစ်ပါတယ်။**

**ဥပမာ။ <u>Somebody</u> has stolen my watch. (တစ်ယောက်ယောက် ငါ့နာရီကို ခိုးသွားပြီ။)**


### Exercises on Indefinite pronoun

**(A) Find and underline indefinite pronouns. (Indefinite pronoun များကို မျဉ်းသားပါ။)**

1. Everybody went to the match.
2. There was no one at the party when I arrived.
3. I will tell someone the truth about my life.
4. Nobody wanted to play with me.
5. Is there anything else I can do for you?.
6. Nothing can make me happy today.
7. I found something strange in her voice.
8. I bought a present for everyone.
9. I feel like everything I do is wrong.
10. Somebody told me how to get there.

*Ans: 1. Everybody; 2. No one; 3. Someone; 4. Nobody; 5. Anything; 6. Nothing; 7. Something; 8. Everyone; 9. Everything; 10. Somebody;*

**(B) Put in somebody/ something/ somewhere/ anybody/ anything/ anywhere/ nobody/ nothing/ nowhere/ everybody/ everything/ everywhere.**




1. She wants to live _____ by the sea (in a certain place).
2. She put _____ in the box, all the things that she had.
3. Does _____ have a phone charger? (I don't know if a person has a charger or not.)
4. We went _____ this weekend. We stayed at home.
5. She didn't bring _____ to the party.
6. Is there _____ in that room?
7. _____ lives in that house. It's empty.
8. Would you like to go _____ this weekend?
9. _____ was really friendly, all the managers and even the CEO.
10. _____ is going really well and so I'm really happy.

*Ans: 1. Somewhere; 2. Something; 3. Anyone; 4. Nowhere; 5. Anything; 6. Anyone; 7. No one; 8. Somewhere; 9. Every one; 10. Everything;*

**(C) Choose the correct answer.**

| | Body | One | Thing | Where |
|---|---|---|---|---|
| Some | Somebody | Someone | Something | Somewhere |
| Any | Anybody | Anyone | Anything | Anywhere |
| No | Nobody | No one | Nothing | Nowhere |
| Every | Everybody | Everyone | Everything | Everywhere |

Somewhere
Anywhere
Something
Anything
Nothing
Everyone
Anybody

1. Would you like _____ to eat?
2. It was really dark and I couldn't see _____.
3. Does _____ live in that house?
4. It doesn't matter where we go. We can go _____ we want to.
5. This is boring. There is _____ to do.
6. The shop is closed. _____ has gone out.
7. Has _____ done their homework?
8. The guidebook says there's a hotel _____ near here.

*Ans: 1. something; 2. anything; 3. anybody; 4. anywhere; 5. nothing; 6. everyone; 7. everyone; 8. somewhere;*

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၃၅ ဆူ | ၄၈၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

**တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီး မပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၂-၂-၂၀၂၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA (PC) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၇

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA (PC) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA (PC) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးနေစဉ်။

# ပြည်ပခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲမည့် မြန်မာအမျိုးသားလေကြောင်းမှ Boeing 737-800 NG လေယာဉ်တစ်စင်း ရောက်ရှိ




မြန်မာအမျိုးသားလေကြောင်းမှ ပြည်ပခရီးစဉ်များ တိုးချဲ့ပျံသန်းမည့် Boeing 737-800 NG လေယာဉ်တစ်စင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

ရန်ကုန် မေ ၂၇

မြန်မာအမျိုးသားလေကြောင်းမှ ပြည်ပခရီးစဉ်များ တိုးချဲ့ပျံသန်းမည့် Boeing 737-800 NG လေယာဉ်တစ်စင်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ လေယာဉ်ရောက်ရှိချိန်၌ Parking Area သို့ အဝင်လမ်းတွင် မီးသတ်ရေယာဉ်နှစ်စီးမှ ဝဲယာခွဲ၍ အန္တရာယ်ကင်းပရိတ်ရေ စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

**ယနေ့ ဖတ်စရာ**

## ကိုဗစ်-၁၉ ရောဂါ ခံတွင်ခဲ့အတည်ပြုလူနာသစ် ၂၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၂၂ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၁၂

## ဘားအံမြို့နယ်၌ ငွေကျပ် ၅ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ သိမ်းဆည်းရမိ

စာမျက်နှာ » ၁၄